ကြေးမုံ
The Mirror
၁၃၇၀ ပြည့်နှစ်၊ နတ်တော်လပြည့်ကျော် ၁ ရက်၊ စနေနေ့၊ (13-12-2008) (၅၉၉၁)

## မိန့်ခွန်းပြောကြား

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၅၁) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြ အခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။ (သတင်းစဉ်)



## အမျိုးသားရေးစိတ်ဓာတ်နဲ့ နိုင်ငံရေးအသိ အမြဲရှိဖို့လို

ကိုယ့်တိုင်းပြည်ရဲ့ အချုပ်အခြာအာဏာကို အခြားတိုင်းပြည်တစ်ခုက ဝင်ရောက်စွက်ဖက်ခြယ်လှယ်ခြင်းဟာ မိမိတိုင်းပြည်ရဲ့ အချုပ်အခြာအာဏာဆုံးရှုံးခြင်း၊ တစ်နည်းအားဖြင့် လွတ်လပ်ရေးဆုံးရှုံးခြင်းပဲ ဖြစ်တယ်။ မိမိတိုင်းပြည်ရဲ့ အချုပ်အခြာအာဏာကို မိမိတို့ တိုင်းရင်းသားပြည်သူလူထုကသာ ဖန်တီးနိုင်ခွင့် ရှိဖို့လိုတယ်။ ဒီကနေ့ကမ္ဘာမှာ အချုပ်အခြာအာဏာဆုံးရှုံးပြီး ကိုယ့်တိုင်းပြည်ရဲ့ ကံကြမ္မာကို ကိုယ်တိုင်ဖန်တီးနိုင်ခွင့်မရှိတဲ့ နိုင်ငံတွေ အများအပြား တွေ့မြင်နေရတယ်။ ဘိုးဘွားတွေရဲ့ အသက်၊ သွေး၊ ချွေး မြောက်မြားစွာနဲ့ ရယူထားခဲ့တဲ့ လွတ်လပ်ရေးကြီးဟာ သတိလက်လွတ်နေရင် တစ်ခဏအတွင်းမှာ ဆုံးရှုံးသွားနိုင်တယ်။ ဒါ့ကြောင့် အနာဂတ်မှာ ပခုံးပြောင်းတာဝန် ထမ်းဆောင်ကြရမယ့် ရဲဘော်တို့ဟာ အမျိုးသားရေးစိတ်ဓာတ်နဲ့ နိုင်ငံရေးအသိတွေ အမြဲရှိနေဖို့လိုတယ်။



**နိုင်ငံတော်ကာကွယ်ရေးတာဝန်ဆိုတဲ့နေရာမှာ နိုင်ငံတော်ရဲ့ မြေထု၊ ရေထု၊ လေထုတွေအပြင် ဒီနိုင်ငံက တိုင်းရင်းသားပြည်သူလူထုရဲ့ အသက်အိုးအိမ် စည်းစိမ်တွေကိုပါ ကာကွယ်စောင့်ရှောက် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်တဲ့ ခေတ်မီမျိုးချစ်တပ်မတော် တည်ဆောက်ရာမှာ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ အရည်အချင်းတွေအပြင် အသိပညာ၊ အတတ်ပညာ အရည်အချင်းတွေပါ ပြည့်စုံတောင့်တင်းဖို့လို**

နေပြည်တော် ဒီဇင်ဘာ ၁၂

စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၅၁) သင်တန်းဆင်းပွဲအခမ်းအနားတွင်
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပြောကြားသည့်မိန့်ခွန်းအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

**ရဲဘော်တို့-**

ဒီကနေ့ဟာ စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၅၁)သင်တန်းဆင်းတဲ့နေ့ပဲဖြစ်တယ်။ ရဲဘော်တို့ဟာ စစ်တက္ကသိုလ်က သင်ကြားပေးလိုက်တဲ့ စာပေပညာ၊ စစ်ပညာတွေကို အောင်မြင်စွာ သင်ကြားတတ်မြောက်ပြီးလို့ ခေါင်းဆောင်ငယ်များအဖြစ် တာဝန်ထမ်းဆောင်ကြရတော့မှာဖြစ်တဲ့အတွက် သိသင့်သိထိုက်တာတွေကို အလေးအနက်မှာကြားလိုတယ်။

**ရဲဘော်တို့-**

ဒို့တပ်မတော်ဟာ စတင်ဖွဲ့စည်းကတည်းက မျိုးချစ်စိတ်ဓာတ်ကို အခြေခံပြီးဖွဲ့စည်းလာတဲ့ တပ်မတော်ဖြစ်တယ်။ နိုင်ငံတော်မှာ အရေးကြုံတိုင်း ရှေ့တန်းက မားမားမတ်မတ်ရပ်တည်ခဲ့သလို လက်ရှိမှာလည်း ဒို့နိုင်ငံရဲ့အခြေအနေနဲ့ကိုက်ညီတဲ့ ဒို့တာဝန် အရေးသုံးပါးကို အမျိုးသားရေးယုံကြည်ချက်အဖြစ်ခံယူပြီး ဦးတည်ချက်(၁၂)ရပ်ချမှတ်ကာ အကောင်အထည်ဖော် ဆောင်ရွက်နေတာအားလုံးအသိပဲဖြစ်တယ်။

ရဲဘော်တို့ဟာ နိုင်ငံတော်ကာကွယ်ရေးတာဝန်၊ လေ့ကျင့်ရေးတာဝန်နဲ့ ပြည်သူ့အကျိုးပြုလုပ်ငန်းတာဝန်ဆိုတဲ့ တပ်မတော်ရဲ့ အဓိကတာဝန်တွေကို ထမ်းဆောင်ရင်း နိုင်ငံတော်တည်ဆောက်ရေးကို ဝိုင်းဝန်းဆောင်ရွက်ကြရမှာ ဖြစ်တယ်။

**ရဲဘော်တို့-**

**နိုင်ငံတော်ကာကွယ်ရေးတာဝန်** ဆိုတဲ့နေရာမှာ နိုင်ငံတော်ရဲ့ မြေထု၊ ရေထု၊

**စာမျက်နှာ ၃ ကော်လံ ၁ သို့** ✪

**အတည်ပြုချိန် ၁၂း၃၀**

ကြေးမုံ The Mirror
၁၃-၁၂-၂၀၀၈
(စနေနေ့)

## ကျန်းမာသန့်စင်သည့်သွေး ပေးလှူ မွန်မြတ်သော ကုသိုလ်ကောင်းမှုပြု

သွေးသည် လူ၏အသက်ပင်ဖြစ်ရာ သွေးလှူဒါန်းခြင်းသည် ဇီဝိတဒါန မွန်မြတ်သော အလှူဖြစ်သည်။ မိမိကိုယ်တိုင် သွေးလှူခြင်းနှင့် စေတနာသွေးလှူရှင်များ တိုးပွားများပြားလာစေရေး ကြိုးပမ်းအားထုတ်နေခြင်းသည် ထူးကဲသော ကုသိုလ်ပြုခြင်းပင် ဖြစ်သည်။

သွေးကို ထိခိုက်ဒဏ်ရာရပြီး သွေးထွက်လွန်နေသူ၊ ခွဲစိတ်ကုသရာတွင် သွေးထွက်များ၍ သွေးလိုအပ်နေသူ၊ ကလေးမီးဖွားစဉ်နှင့် ကိုယ်ဝန်ပျက်ကျစဉ် သွေးလိုအပ်နေသူ၊ သွေးလန့်ခြင်း၊ သွေးအားနည်းခြင်းတို့ကြောင့် သွေးလိုအပ်နေသူများနှင့် ကင်ဆာရောဂါရှိသူများအား သွေးသွင်းကုသရာ၌ အဓိက အသုံးပြုနေကြသည်။

သွေးသွင်းကုသရန် လိုအပ်သော လူနာများအတွက် သွေးကို အချိန်မီ လုံလောက်စွာရရှိရန် လိုအပ်သကဲ့သို့ ကျန်းမာသန့်စင်သည့် သွေးလှူရှင်များက လှူဒါန်းကြရန်လည်း အရေးကြီးသည်။ အထူးသဖြင့် သွေးလှူရှင်များသည် ကျန်းမာပြီး သွေးနီအားပြည့်မီသူများ၊ ခုခံအားကျဆင်းမှုကူးစက်ရောဂါပိုး၊ အသည်းရောင်အသားဝါဘီပိုး၊ စီပိုးစသည့် ကူးစက်နိုင်သော ရောဂါပိုးကင်းစင်သူများလည်း ဖြစ်ကြရမည်ဖြစ်သည်။

ကျန်းမာရေးဝန်ကြီးဌာနက သွေးသွင်းကုသမှုများအတွက် အန္တရာယ်ကင်းသောသွေးများ ရရှိစေရန် သွေးမလှူမီ လိုအပ်သော စစ်ဆေးမှုများ ပြုလုပ်ပြီးမှသာ သွေးလှူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။ သွေးအရည်အသွေး ပြည့်မီစေရန် ထိန်းချုပ်သည့် အစီအစဉ်များပါဝင်သည့်အပြင် သွေးလှူဒါန်းရာတွင် ပိုးမွှားသန့်စင်ပြီးသော အပ်များ၊ ကိရိယာများကို သုံးစွဲနေသဖြင့် အန္တရာယ်ကင်းစွာ သွေးလှူနိုင်ပေသည်။

ယခုအခါ ဆေးရုံကြီးများအတွက် လိုအပ်နေသော သွေးကို လေးလတစ်ကြိမ် ပုံမှန်လှူဒါန်းနေသော သွေးလှူရှင်များ၊ တစ်နှစ်လျှင် တစ်ကြိမ်ခန့် သွေးလှူဒါန်းနေသူများနှင့် လူမှုရေးအသင်းအဖွဲ့များက လှူဒါန်းနေသော စေတနာသွေးများဖြင့် ဖြည့်ဆည်းပေးနေကြောင်း သိရသည်။

ကျန်းမာကြံ့ခိုင်သူတစ်ဦး၏ ခန္ဓာကိုယ်အတွင်းမှ သန့်စင်သော စေတနာသွေးဖြင့် အခြားသူတစ်ဦး၏အသက်ကို ကယ်တင်နိုင်ခြင်းသည် ဇီဝိတဒါန မွန်မြတ်သော ကုသိုလ်ကောင်းမှု ပြုခြင်းဖြစ်သည်။ ယခုအခါ အသင်း၊ ဌာန၊ မြို့နယ်အလိုက် သွေးလှူဒါန်းနေသူများ၊ သွေးလှူရှင်များ တိုးပွားလာရေးအတွက် ငွေကြေး၊ ပစ္စည်းကိရိယာ ကူညီလှူဒါန်းနေကြသူများ တိုးတက်များပြားလာလျက်ရှိရာ စေတနာသွေးဖြင့် လူ့အသက်ပေါင်းများစွာကို ကယ်တင်ပေးနိုင်မည် ဖြစ်ပါသည်။ ။

## ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။



**ဒီဇင်ဘာ ၁၂ ရက်က ဂျပန်ဘုရင့်မွေးနေ့ အထိမ်းအမှတ်ညှော်ခံပွဲသို့ တက်ရောက်လာသော နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းနှင့် ဇနီးတို့အား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး H.E. Mr. Yasuaki Nogawa ကြိုဆိုနှုတ်ဆက်စဉ်။** (သတင်းစဉ်)

## သစ်လုပ်ငန်းရှင်များအသင်း နှစ်ပတ်လည် အသင်းသားစုံညီ အစည်းအဝေးကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၁၂**

မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များအသင်း၏ (၁၅)ကြိမ်မြောက် နှစ်ပတ်လည်အသင်းသား စုံညီအစည်းအဝေးကို ဒီဇင်ဘာ ၂၇ ရက်(စနေနေ့)ညနေ ၅ နာရီတွင် ရန်ကုန်မြို့ရှိအပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်း ဗဟိုဌာနအဆောက်အအုံ(I.B.C)၌ ကျင်းပမည်ဖြစ်ရာ အသင်းဝင်များအနေဖြင့် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြရန် ဖိတ်ကြားထားကြောင်းသတင်းရရှိသည်။

(သတင်းစဉ်)

## မြန်မာ့ရေလုပ်ငန်းကဏ္ဍ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေး

**ရန်ကုန် ဒီဇင်ဘာ ၁၂**

ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ အစ္စရေးနိုင်ငံ သံအမတ်ကြီး H.E. Mr. Yaron Mayer နှင့်အဖွဲ့သည် ဒီဇင်ဘာ ၁၀ရက်တွင် ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်သို့ လာရောက်ပြီး မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်မှ အကြီးတန်း ဒုတိယဉက္ကဋ္ဌ (၁) ဦးလှမောင်ရွှေ၊ ဒုတိယဉက္ကဋ္ဌ ဦးတင်မောင်သန်း၊ အမှုဆောင်ဒုတိယဉက္ကဋ္ဌ ဦးဟန်ထွန်း၊ အထွေထွေအတွင်းရေးမှူး ဦးဝင်းကြိုင်၊ အတွင်းရေးမှူး(၁)ဦးနှင်းဦးနှင့် အတွင်းရေးမှူး(၂) ဦးဘသော်တို့အား တွေ့ဆုံ၍ မြန်မာ့ရေလုပ်ငန်းကဏ္ဍတွင် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်နိုင်မည့်ကိစ္စရပ်များကို ဆွေးနွေးကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

**မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်မှ အကြီးတန်း ဒုတိယဉက္ကဋ္ဌ(၁) ဦးလှမောင်ရွှေနှင့် အဖွဲ့ဝင်များအား ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ အစ္စရေးနိုင်ငံ သံအမတ်ကြီး H.E. Mr. Yaron Mayer နှင့် ပညာရှင်အဖွဲ့တို့ လာရောက်တွေ့ဆုံစဉ်။**

(သတင်းစဉ်)





**၂၀၀၇-၂၀၀၈ ပညာသင်နှစ် မြို့နယ်အဆင့် ကျောင်းကျန်းမာရေးထူးချွန်ဆုရ ကျောင်းများအား ဆုပေးပွဲတွင် မင်္ဂလာတောင်ညွန့်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးချစ်ကိုကို ကျောင်းကျန်းမာရေးထူးချွန်ဆုရ အထက(၃) မင်္ဂလာတောင်ညွန့်မှ ကျောင်းအုပ်ဆရာမကြီး ဒေါ်ယုယုတင်အား ဆုချီးမြှင့်စဉ်။**

(၃၁၄)

## သဘာဝဘေး ကြိုတင်ကာကွယ်ရေးနှင့် စီမံခန့်ခွဲရေး ဆင့်ပွားသင်တန်းဖွင့်

**ရန်ကုန် ဒီဇင်ဘာ ၁၂**

ရန်ကုန်အနောက်ပိုင်းခရိုင် လသာမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ စီစဉ်ကြီးကြပ်မှုဖြင့် သဘာဝဘေးကြိုတင်ကာကွယ်ရေးနှင့်စီမံခန့်ခွဲရေး ဆင့်ပွားသင်တန်းဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၁၀ ရက်တွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသိန်းထွန်း**(အောက်ပုံ)**က အဖွင့်အမှာစကား ပြောကြားပြီး ဌာနဆိုင်ရာများ၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များမှ သင်တန်းသား ၅၅ ဦးတို့ တက်ရောက်ကြောင်း သိရသည်။

(မြို့နယ်ပြန်/ဆက်)



## အထက(၂) ရေနံချောင်း အာစရိယပူဇော်ပွဲ ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၁၂**

ရေနံချောင်းမြို့ အထက(၂)၌ တာဝန်ထမ်းဆောင်ခဲ့ပြီး အသက် (၆၀)ပြည့် အငြိမ်းစား ယူသွားခဲ့ကြသည့် ဆရာ၊ ဆရာမများအား ကျောင်းသား၊ ကျောင်းသူဟောင်းများနှင့် မျိုးဆက်သစ်ကျောင်းသားများက သတ္တမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ၂၀၀၉ ခုနှစ် ဇန်နဝါရီ ၃ ရက် (စနေနေ့)တွင် အထက(၂) ရေနံချောင်း ပတ္တမြားခန်းမ၌ ကျင်းပမည်ဖြစ်သည်။

အာစရိယပူဇော်ပွဲသို့ အနယ်နယ်အရပ်ရပ်မှ ကျောင်းသားဟောင်းများ တက်ရောက်ပူဇော်ရန်နှင့် အလှူငွေများကို အထက(၂) ရေနံချောင်း ဖုန်း-၀၆၀-၂၁၀၆၅၊ ဦးညွန့်စိန် ဖုန်း-၀၆၀-၂၁၂၇၅၊ ဦးဇော်မင်း (အောင်မြင့်မိုရ်ဆေးတိုက်၊ မြစိမ်းရောင်ရပ်)၊ ဦးမြင့်သူ(မန္တလေး) ဖုန်း၀၂-၇၁၀၅၇၊ ဦးဉာဏ်ဝင်း(ရန်ကုန်) ဖုန်း-၀၁-၅၅၅၁၃၈၊ ၀၉-၅၁-၁၅၈၅၅၊ ဒေါ်ချိုချိုဝင်း(ရန်ကုန်)ဖုန်း-၀၉-၈၀-၃၀၀၃၇ တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ရန် အာစရိယပူဇော်ပွဲ ကျင်းပရေးကော်မတီက နှိုးဆော်ထားသည်။ (ကြေးမုံ)

## စာပေဟောပြောပွဲ ကန်ကြီးထောင့်မြို့၌ ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၁၂**

ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီကကြီးမှူး၍ ကန်ကြီးထောင့်မြို့ လောကမှန်ကူဘုရား ပရိဝုဏ်၌ ပန်းပျိုးလက်စာကြည့်တိုက်ကော်မတီ၏ စီစဉ်မှုဖြင့် ဒီဇင်ဘာ ၉ ရက် ည ၇ နာရီက စာကြည့်တိုက် လေးနှစ်ပြည့် အထိမ်းအမှတ်အဖြစ် စာပေဟောပြောပွဲကျင်းပရာ ရန်ကုန်မြို့မှ အမျိုးသားစာပေဆုရ စာရေးဆရာကြီး မင်းယုဝေ၊ အမျိုးသားစာပေဆုရ စာရေးဆရာကောင်းသန့်၊ စာရေးဆရာ ဒေါက်တာခင်မောင်ညို၊ လူငယ်ဆရာဝန် စာရေးဆရာမ ဒေါက်တာနိုက်တင်ဂေးလ်(ခ)ယဉ်မင်းဦး(ဆေးတက္ကသိုလ်)တို့က စာပေအနုပညာရေးရာများ ဟောပြောခဲ့ကြသည်။

အဆိုပါ ဟောပြောပွဲမစတင်မီ ပန်းပျိုးလက် စာကြည့်တိုက်အတွက် မီးအိမ်ရှင်စာအုပ်တိုက်မှ ထုတ်ဝေဖြန့်ချိခဲ့သော စာအုပ်များကို စာရေးဆရာမ ဒေါက်တာနိုက်တင်ဂေးလ်(ခ) ယဉ်မင်းဦး (ဆေးတက္ကသိုလ်)က ပေးအပ်လှူဒါန်းခဲ့ကြောင်းသိရသည်။

(ကြေးမုံ)

# တပ်မတော်ဟာ နိုင်ငံတော်ကာကွယ်ရေးတာဝန်နဲ့ လေ့ကျင့်ရေးတာဝန်တွေကို ထမ်းဆောင်နေတာနဲ့ တစ်ပြိုင်တည်းမှာ လိုအပ်တဲ့အချိန်၊ လိုအပ်တဲ့နေရာတွေမှာလည်း ပြည်သူ့အကျိုးပြု လုပ်ငန်းတာဝန်တွေကို ဆောင်ရွက်ပေးလျက်ရှိ

**✪ ရွှေဖုံးမှ**

လေထုတွေအပြင် ဒို့နိုင်ငံက တိုင်းရင်းသားပြည်သူ လူထုတွေရဲ့ အသက်အိုးအိမ် စည်းစိမ်တွေကိုပါ ကာကွယ်စောင့်ရှောက်ကြရမယ်။ ဒို့နိုင်ငံရဲ့ သမိုင်းကို ပြန်ကြည့်ရင် နယ်ချဲ့ရန်ကို တွန်းလှန်နိုင်တဲ့ တပ်မတော်တစ်ရပ် မရှိခဲ့လို့ လွတ်လပ်ရေးနဲ့ အချုပ်အခြာအာဏာ လက်လွတ်ဆုံးရှုံးခဲ့ဖူးတယ်။ ဒါကြောင့် ဒို့တပ်မတော်ဟာ အင်အားတောင့်တင်းဖို့၊ စွမ်းရည်ထက်မြက်ဖို့နဲ့ ခေတ်မီဖို့ လိုအပ်တယ်။ ဒါမှသာ နိုင်ငံတော်ရဲ့ပိုင်နက်နယ်နိမိတ်ကို တစ်လက်မမျှ ကျူးကျော်ခြင်း မခံရအောင် ကာကွယ်စောင့်ရှောက်နိုင်မှာဖြစ်တယ်။ **အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်တဲ့ ခေတ်မီ မျိုးချစ်တပ်မတော်** ဖြစ်လာအောင် တည်ဆောက်ရာမှာလည်း ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ အရည်အချင်းတွေအပြင် အသိပညာ၊ အတတ်ပညာ အရည်အချင်းတွေပါ ပြည့်စုံတောင့်တင်းဖို့ လိုတယ်။

ဒါကြောင့် **နောင်တစ်ခေတ်ရဲ့ အောင်စစ်သည်တွေအဖြစ်နဲ့** ပခုံးပြောင်းတာဝန်ထမ်းဆောင်ကြရမယ့် ရဲဘော်တို့ဟာ တိုးတက်လာတဲ့ ခေတ်မီလက်နက်၊ ယာဉ်၊ ယန္တရားစတဲ့ စစ်သုံးပစ္စည်း ကိရိယာတွေကို ကျွမ်းကျွမ်းကျင်ကျင် အသုံးချနိုင်ရုံသာမက ပြောင်းလဲနေတဲ့ စစ်နည်းဗျူဟာ သင်ခန်းစာတွေအပေါ်မှာလည်း သုံးသပ်ရှုမြင်ပြီး ခေတ်မီတပ်မတော်ဖြစ်အောင် ဝိုင်းဝန်းဆောင်ရွက်ကြရမယ်။

**ရဲဘော်တို့ -**

သင်တန်းပြီးဆုံးလို့ တာဝန်ကျရာ အရပ်ဒေသတွေရောက်ရင်လည်း ရဲဘော်တို့ဟာ မိမိတပ်ဖွဲ့ဝင်တွေကို အခြေခံ အရည်အချင်း (၅)ပါးနဲ့ ပြည့်စုံအောင် ဆောင်ရွက်ရင်း တပ်တည်ဆောက်ရေး လုပ်ငန်းကြီး (၄)ရပ်နဲ့အညီ တပ်ကို တည်ဆောက်ကြရမှာ ဖြစ်တယ်။ ဒီလိုတည်ဆောက်တဲ့နေရာမှာ အခြေခံအကျဆုံးကတော့ လေ့ကျင့်ရေးနဲ့တည်ဆောက်ခြင်းပဲ ဖြစ်တယ်။ စစ်သည်များရဲ့ စိတ်ဓာတ်နဲ့ စည်းကမ်းကို ကောင်းမွန်အောင် လေ့ကျင့်ပေးပြီး လေ့ကျင့်သား ပြည့်ဝအောင် ဆောင်ရွက်ခြင်းဖြင့် လုပ်ငန်းတာဝန်များကို အခက်အခဲမရှိ ဆောင်ရွက်နိုင်မှာဖြစ်တယ်။

**ရဲဘော်တို့ -**

**လေ့ကျင့်ရေး**ရဲ့ ရည်မှန်းချက်ကတော့ ခေတ်သစ်စစ်ပွဲကို ရင်ဆိုင်နိုင်ဖို့ပဲ ဖြစ်တယ်။

ယနေ့ခေတ်မှာ ကြည်း၊ ရေ၊ လေ တပ်ဖွဲ့တွေဟာ တသီးတခြားစီ စစ်ဆင်ခြင်းထက် ပူးပေါင်းစစ်ဆင်ခြင်းတွေက စစ်ရဲ့ သဘာဝတစ်ရပ် ဖြစ်နေပြီဆိုတာ သဘောပေါက်ပြီး ကြည်း၊ ရေ၊ လေ တပ်ဖွဲ့တွေရဲ့ ဝိသေသတွေ၊ ခေတ်မီလက်နက်ခဲယမ်းများနဲ့ စွမ်းပကားတွေကို နားလည်သိရှိထားရမယ်။ ဒ့ါအပြင် တိုက်ပွဲဝင်မယ့် စစ်သည်တစ်ဦးဟာ စိတ်ပိုင်း၊ ရုပ်ပိုင်း ကြံ့ခိုင်နေပြီး အရေးကြုံရင် သက်လုံကောင်းအောင် အစဉ်ကြိုးပမ်းလေ့ကျင့်နေဖို့ လိုအပ်မှာဖြစ်တယ်။ ဒီနေရာမှာ စိတ်ပိုင်းဆိုင်ရာ လေ့ကျင့်မှုနဲ့ ရုပ်ပိုင်းဆိုင်ရာ လေ့ကျင့်မှုများဟာ အချိုးညီဖို့လိုအပ်ပြီး အပြန်အလှန် လေ့ကျင့်မှုများကြောင့် အကျိုးတရားတွေ၊ အားသစ်အင်သစ်တွေ ထွက်လာနိုင်မှာဖြစ်တယ်။ **လေ့ကျင့်မှ ကျွမ်းကျင်၊ ကျွမ်းကျင်မှ ယုံကြည်၊ ယုံကြည်မှ ရဲရင့်၊ ရဲရင့်မှ အောင်မြင်** ဆိုတဲ့ သဘောတရားအတိုင်း ဆောင်ရွက်သွားကြရမှာ ဖြစ်သလို **မီးနာမှ သံကောင်းမည်၊ သံကောင်းမှ ဓားထက်မည်**ဆိုတဲ့ ဆောင်ပုဒ်အတိုင်း လေ့ကျင့်သားပြည့်ဝနေအောင် ဆောင်ရွက်မှသာ ပေးအပ်တဲ့တာဝန်တွေကို ကျေပွန်အောင် ထမ်းဆောင်နိုင်မှာ ဖြစ်တယ်။

**ရဲဘော်တို့ -**

တာဝန်ကျတဲ့ နေရာအသီးသီးကို ရောက်ရင်လည်း **တပ်ကို ကောင်းအောင်လုပ်၊ စစ်ကို နိုင်အောင်တိုက်** ဆိုတဲ့ဆောင်ပုဒ်နဲ့အညီ ပေးအပ်တဲ့ တာဝန်တွေကို ကျေပွန်အောင်ဆောင်ရွက်ရမှာ ဖြစ်တယ်။ တပ်ကို ကောင်းအောင်လုပ်ဆိုတဲ့နေရာမှာ ရဲဘော်တို့ရဲ့ ခေါင်းဆောင်မှု အရည်အသွေးပေါ်မူတည်ပြီး တပ်ဟာတိုးတက်လာမှာပဲဖြစ်တယ်။ ခေါင်းဆောင်မှု အင်္ဂါရပ်တွေနဲ့အညီ မိမိတပ်ဖွဲ့ကို ကွပ်ကဲအုပ်ချုပ်ပြီး တပ်တွင်းစည်းလုံးညီညွတ်ရေးကို ကျစ်လျစ်ခိုင်မာအောင် တည်ဆောက်ကြရမယ်။ စစ်တပ်ဆိုတာ သဘောသဘာဝအရ အမိန့်အာဏာနဲ့ အုပ်ချုပ်ရတာ မှန်ပေမယ့် အဲဒီ အမိန့်အာဏာတွေကို အသိတရားရှိရှိ ခံယူချက်ပြည့်ပြည့်ဝဝနဲ့ လိုက်နာလုပ်ဆောင်နိုင်မယ်ဆိုရင် တာဝန်ကို ပြီးမြောက်အောင်မြင်အောင် ဆောင်ရွက်တဲ့နေရာမှာ ပိုမိုအဆင်ပြေ ချောမွေ့စေမှာဖြစ်တယ်။ ဒ့ါကြောင့် မိမိတပ်ဖွဲ့ဝင်များကို အသိနဲ့ယှဉ်ပြီး အမိန့်လိုက်နာတတ်အောင် စည်းရုံး ဆောင်ရွက်သွားကြဖို့ မှာကြားလိုတယ်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဗိုလ်လောင်းတပ်ရင်းများကို စစ်ဆေးစဉ်။ (သတင်းစဉ်)

**ရဲဘော်တို့ -**

ဒို့တပ်မတော်ဟာ နိုင်ငံတော် ကာကွယ်ရေးတာဝန်နဲ့ လေ့ကျင့်ရေး တာဝန်တွေကို ထမ်းဆောင်နေတာနဲ့ တစ်ပြိုင်တည်းမှာ လိုအပ်တဲ့အချိန်၊ လိုအပ်တဲ့နေရာတွေမှာလည်း **ပြည်သူ့အကျိုးပြုလုပ်ငန်းတာဝန်**တွေကို ဆောင်ရွက်ပေးလျက်ရှိတယ်။

ပြီးခဲ့တဲ့ မေလဆန်းပိုင်းမှာ ဖြစ်ပွားခဲ့တဲ့ နာဂစ်မုန်တိုင်းနဲ့ ပတ်သက်ပြီး ပြည်သူတွေရဲ့ အသက်အိုးအိမ် စည်းစိမ်တွေကို ကာကွယ်စောင့်ရှောက်ခဲ့တဲ့ ဒို့တပ်မတော်ရဲ့ အစဉ်အလာအတိုင်း မုန်တိုင်းကျရောက်နေစဉ်ကာလမှာပဲ အရေးပေါ်ကယ်ဆယ်ရေး လုပ်ငန်းတွေအတွက် အင်အား၊ ယာဉ်၊ ရိက္ခာနဲ့ ဆေးဝါးတွေကအစ အရန်သင့် စုဖွဲ့ထားခဲ့တယ်။ မုန်တိုင်းစဲတာနဲ့ တစ်ပြိုင်နက် ရွှေ့တန်းအကျဆုံး ကျေးရွာတွေအထိ ကိုယ့်ရိက္ခာ ကိုယ်စား၊ ကိုယ့်လမ်းကိုယ်ဖောက်ပြီး ဒုက္ခရောက်နေတဲ့ ပြည်သူတွေကို အကူအညီပေးခဲ့ကြတယ်။ အဲဒီလို လေဘေးသင့်ဒေသတွေကို ချက်ချင်းဝင်ရောက်ပြီး ကယ်ဆယ်ရေးလုပ်ငန်းတွေကို ဆောင်ရွက်နိုင်ခဲ့တဲ့အတွက် သဘာဝဘေးအန္တရာယ် ကျရောက်ပြီးနောက်ပိုင်းမှာ ကြုံတွေ့ရတတ်တဲ့ ငတ်မွတ်ခေါင်းပါးခြင်း၊ ကူးစက်ရောဂါဖြစ်ပွားခြင်းစတဲ့ ကပ်ဘေးဒုက္ခတွေကို ကျော်လွှန်နိုင်ခဲ့တယ်။ ဒါဟာ ဒို့နိုင်ငံက **နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော်**ဆိုတဲ့ စွမ်းအားစုကြီးသုံးခုရဲ့ ညီညွတ်မှုနဲ့ ကြုံတွေ့လာတဲ့ အခက်အခဲ မှန်သမျှကို စုပေါင်းရင်ဆိုင် ကျော်လွှားဖြေရှင်းနိုင်တယ်ဆိုတာ ကမ္ဘာ့အလယ်မှာ ပြသနိုင်ခဲ့ခြင်းပဲ ဖြစ်တယ်။

အဲဒီ နာဂစ်မုန်တိုင်း ကယ်ဆယ်ရေးဆောင်ရွက်တုန်းကဆိုရင် ဒို့တပ်မတော် (ကြည်း)က စစ်သည်အင်အား (၄) သောင်းကျော်၊ မော်တော်ယာဉ် (၇၆၉)စီး၊ (၃၃၅၀) ခေါက်နဲ့ ကယ်ဆယ်ရေးပစ္စည်းတန်ချိန် (၅၄၁၈၈) တန်ကျော်၊ တပ်မတော် (ရေ)က စစ်သည်အင်အား (၁၄၀၀)ကျော်၊ ရေယာဉ်မျိုးစုံ (၂၉)စင်း၊ (၉၂)ခေါက်နဲ့ ကယ်ဆယ်ရေးပစ္စည်းတန်ချိန် (၃၄၀၇)တန်ကျော်၊ တပ်မတော်(လေ)က စစ်သည်အင်အား (၁၇၀၀)ကျော်၊ ရဟတ်ယာဉ်နဲ့ လေယာဉ် (၂၅)စင်း၊ (၁၅၉၃) ခေါက်နဲ့ ကယ်ဆယ်ရေးပစ္စည်းတန်ချိန် (၅၅၈) တန်ကျော်ကို သယ်ပို့ပေးနိုင်ခဲ့တယ်။ ဒ့ါအပြင် တပ်မတော် (ကြည်း၊ ရေ၊ လေ) စစ်သည်များနဲ့ မိသားစုဝင်တွေက သူတို့ရဲ့ လစာစရိတ်တွေထဲက ငွေကျပ် (၁၁၇၉) သန်းကျော်ကို စုပေါင်းလှူဒါန်းခဲ့ပြီး ပြည်သူတွေအတွက် စေတနာအရင်းခံကာ အားကြိုးမာန်တက်နဲ့ အကောင်းဆုံး ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း ပြောကြားလိုတယ်။

ဆက်လက်ပြီး အဲဒီဒေသက ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေမှာလည်း အင်ပြည့်အားပြည့် ဆောင်ရွက်ပေးရင်း မူလအခြေအနေထက် မြင့်မားတဲ့ လူနေမှုအဆင့်အတန်းဖြစ်လာအောင် ဖန်တီးတည်ဆောက်ပေးနေတာ အားလုံးအသိပဲဖြစ်တယ်။ ဒ့ါအပြင် နိုင်ငံတော်ရဲ့ နေရာအနှံ့အပြားမှာ တာဝန်ထမ်းဆောင်နေကြတဲ့ တပ်မတော်သားတွေဟာ ရောက်တဲ့နေရာက ဒေသဖွံ့ဖြိုးရေးလုပ်ငန်းတွေမှာလည်း အခြေအနေပေးရင်ပေးသလို ဝင်ရောက်လုပ်ကိုင်ပေးပြီး ပြည်သူ့အကျိုးပြုလုပ်ငန်းတာဝန်တွေကို ထမ်းဆောင်နေကြတယ်။

ဒါကြောင့် တပ်မတော်ရဲ့ ကောင်းမြတ်တဲ့ အစဉ်အလာတွေကို အမွေဆက်ခံကြမယ့် ရဲဘော်တို့ဟာလည်း တာဝန်ကျရာဒေသတွေမှာ တိုင်းရင်းသားညီအစ်ကို မောင်နှမများရဲ့ဒေသဖွံ့ဖြိုးရေးလုပ်ငန်းတွေကို တစ်တပ်တစ်အား ပါဝင်လုပ်ဆောင်သွားကြဖို့ လိုတယ်။

**ရဲဘော်တို့ -**

ကိုယ့်တိုင်းပြည်ရဲ့ အချုပ်အခြာအာဏာကို အခြားတိုင်းပြည်တစ်ခုက ဝင်ရောက်စွက်ဖက်ခြယ်လှယ်ခြင်းဟာ မိမိတိုင်းပြည်ရဲ့ အချုပ်အခြာအာဏာ ဆုံးရှုံးခြင်း၊ တစ်နည်းအားဖြင့် လွတ်လပ်ရေးဆုံးရှုံးခြင်းပဲဖြစ်တယ်။ မိမိတိုင်းပြည်ရဲ့ အချုပ်အခြာအာဏာကို မိမိတို့တိုင်းရင်းသားပြည်သူလူထုကသာ ဖန်တီးနိုင်ခွင့် ရှိဖို့လိုတယ်။ ဒီကနေ့ ကမ္ဘာမှာ အချုပ်အခြာ အာဏာဆုံးရှုံးပြီး ကိုယ့်တိုင်းပြည်ရဲ့ ကံကြမ္မာကိုကိုယ်တိုင် ဖန်တီးနိုင်ခွင့်မရှိတဲ့ နိုင်ငံတွေ အများအပြား တွေ့မြင်နေရတယ်။ ဒို့ဘိုးဘွားတွေရဲ့ အသက်၊ သွေး၊ ချွေး မြောက်မြားစွာနဲ့ ရယူထားခဲ့တဲ့ လွတ်လပ်ရေးကြီးဟာ သတိလက်လွတ်နေရင် တစ်ခဏအတွင်းမှာ ဆုံးရှုံးသွားနိုင်တယ်။ ဒ့ါကြောင့် အနာဂတ်မှာ ပခုံးပြောင်းတာဝန် ထမ်းဆောင်ကြရမယ့် ရဲဘော်တို့ဟာ အမျိုးသားရေးစိတ်ဓာတ်နဲ့ နိုင်ငံရေးအသိတွေ အမြဲရှိနေဖို့ လိုတယ်။

ဒို့တပ်မတော်အစိုးရလက်ထက်မှာ နိုင်ငံတော်ရဲ့ အမျိုးသားရေး ယုံကြည်ချက်အဖြစ် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ပန်ဆင်ပြီး အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်ဖြစ်ပေါ်လာဖို့ အခြေခံအုတ်မြစ်ကောင်းတွေကို စိတ်ရင်းစေတနာအမှန်နဲ့ တည်ဆောက်ပေးလျက်ရှိတယ်။ အဲဒီလို ဆောင်ရွက်ပေးခဲ့လို့လည်း စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီနိုင်ငံတော်ထူထောင်နိုင်ဖို့ ချမှတ်ခဲ့တဲ့ နိုင်ငံတော်ရဲ့ ရှေ့ဆက်သွားမယ့် မူဝါဒလမ်းစဉ် (၇)ရပ်ရဲ့ စတုတ္ထအဆင့်ဖြစ်တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို ၂၀၀၈ ခုနှစ် မေလမှာ ပြည်သူလူထုတစ်ရပ်လုံးက တစ်ခဲနက်ထောက်ခံ အတည်ပြုပေးခဲ့ပြီး ဖြစ်တယ်။ ဆက်လက်ပြီး ပဉ္စမအဆင့်ဖြစ်တဲ့ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကိုလည်း ၂၀၁၀ ပြည့်နှစ်မှာ ကျင်းပပေးပြီး နိုင်ငံတော်အာဏာ လွှဲပြောင်းရေးကို ဆက်လက်ဆောင်ရွက်နိုင်တော့မှာဖြစ်ကြောင်း ပြောကြားလိုတယ်။

**ရဲဘော်တို့ -**

ဒို့နိုင်ငံရဲ့ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် အရေးအကြီးဆုံးက တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပဲဖြစ်တယ်။ ဒို့နိုင်ငံမှာ လွန်ခဲ့တဲ့ နှစ်ပေါင်းများစွာကတည်းက တိုင်းရင်းသားညီအစ်ကိုတစ်တွေဟာ အေးအတူပူအမျှနဲ့ အတူတကွ လက်တွဲနေထိုင်လာခဲ့ကြတယ်။ ဒါပေမယ့် နယ်ချဲ့တွေရဲ့

**စာမျက်နှာ ၄ ကော်လံ ၁ သို့ ●**

● စာမျက်နှာ ၃ မှ

သပ်လျှိုသွေးခွဲမှုကြောင့် တိုင်းရင်းသားအချင်းချင်း လက်နက်စွဲကိုင် တိုက်ခိုက်လာခဲ့ကြလို့ ဒို့နိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်မှုဟာ နောက်ကျခဲ့ရတယ်။ ဒီကနေ့မှာတော့ ဘယ်ခေတ် ဘယ်အခါနဲ့မှမတူအောင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို တည်ဆောက်နိုင်ခဲ့လို့ နိုင်ငံနဲ့အဝန်း အေးချမ်းသာယာပြီး ဖွံ့ဖြိုးရေးလုပ်ငန်းတွေ အရှိန်အဟုန်နဲ့ ဆောင်ရွက်နေတာ ရဲဘော်တို့အသိပဲဖြစ်တယ်။ ရရှိပြီးသား တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို အစဉ်ခိုင်မြဲနေအောင် ဆက်လက်ကြိုးပမ်းထိန်းသိမ်းသွားနိုင်ဖို့ တိုင်းရင်းသားညီအစ်ကို မောင်နှမတွေအားလုံးဟာ စစ်မှန်တဲ့ မျိုးချစ်စိတ်ဓာတ်၊ တစ်နည်းပြောရလျှင် ပြည်ထောင်စုစိတ်ဓာတ်ရှိဖို့လိုတယ်။ ဒါ့ကြောင့် မြန်မာနိုင်ငံရဲ့ နေရာအနှံ့အပြားမှာ တာဝန်ထမ်းဆောင်ကြရမယ့် ရဲဘော်တို့ဟာ တိုင်းရင်းသားညီအစ်ကို မောင်နှမတွေရဲ့ အသက်အိုးအိမ်စည်းစိမ်တွေကို ကာကွယ်စောင့်ရှောက်ရင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းတွေကိုလည်း ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြရမယ်။ ဒါ့အပြင် စစ်မှန်တဲ့ မျိုးချစ်စိတ်ဓာတ်နဲ့ တိုင်းရင်းသား စည်းလုံးညီညွတ်မှု ပိုမိုကျစ်လျစ် ခိုင်မာလာအောင် စည်းရုံးဆောင်ရွက်သွားကြဖို့လည်း လိုအပ်ကြောင်း ပြောကြားလိုတယ်။

**ရဲဘော်တို့-**

ဒီကနေ့ တပ်မတော်ဟာ နိုင်ငံတော်တာဝန်ပါယူထားရပြီး နိုင်ငံရေးစွမ်းအား၊ စီးပွားရေးစွမ်းအားနဲ့ ကာကွယ်ရေးစွမ်းအားတွေကို ပြည်သူနဲ့လက်တွဲကာ မနားတမ်း တည်ဆောက်လျက်ရှိတယ်။ ဒီစွမ်းအားသုံးပါးမှာ စီးပွားရေး စွမ်းအားဟာ ဗဟိုချက်မဖြစ်ပြီး နိုင်ငံရေးစွမ်းအားနဲ့ ကာကွယ်ရေးစွမ်းအားတွေကို သယ်ပိုးနိုင်စွမ်းရှိတယ်။ ဒါ့ကြောင့် စီးပွားရေးစွမ်းအား တောင့်တင်းဖို့ ဒို့တပ်မတော်အစိုးရလက်ထက်မှာ စီးပွားရေးဦးတည်ချက်(၄)ရပ် ချမှတ်ပြီး ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးဆောင်ရွက်ပေးခဲ့လို့ နိုင်ငံတော်အတွက် အခြေခံကောင်းတွေကို တည်ဆောက်ပေးထားနိုင်ပြီး ဖြစ်တယ်။ ရဲဘော်တို့ဟာ အဲဒီအခြေခံကောင်းတွေ ဆက်လက်ခိုင်မြဲပြီး ပိုမိုတိုးတက်လာဖို့ နိုင်ငံတကာ အခြေအနေတွေကို မျက်ခြည်မပြတ် လေ့လာသုံးသပ်နေကြရမယ်။ စစ်ရေးအမြင်၊ နိုင်ငံရေးအမြင်၊ စီးပွားရေးအမြင်၊ အုပ်ချုပ်ရေးအမြင်ဆိုတဲ့ **အမြင်လေးမြင်**နဲ့ ပြည့်စုံအောင် လေ့လာဆည်းပူးကြဖို့လိုတယ်။ တိုင်းပြည်တစ်ခုဟာ ခေတ်မီတိုးတက်ပေမယ့် အေးချမ်းသာယာမှု မရှိခဲ့ရင် ပြည်သူလူထုဟာ သုခမရှိဘဲ ဒုက္ခသာ ခံစားနေရမှာဖြစ်တယ်။



**စစ်တက္ကသိုလ် ဗိုလ်လောင်း သင်တန်းအမှတ်စဉ်(၅၁) သင်တန်း ဆင်း ဂုဏ်ပြုစစ်ရေးပြ အခမ်းအနားသို့ တက်ရောက်လာကြသူများ အား တွေ့ရစဉ်။**
(သတင်းစဉ်)

ခေတ်မီတိုးတက်နေပေမယ့် အေးချမ်းသာယာမှုမရှိလို့ ပြည်သူတွေရဲ့ သွေးတွေ၊ မျက်ရည်တွေ နေ့စဉ်နဲ့အမျှ စီးဆင်းနေတဲ့ နိုင်ငံတွေကို ကမ္ဘာပေါ်မှာ တွေ့မြင်နေကြရတယ်။ ဒါ့ကြောင့် ဒို့နိုင်ငံကို ခေတ်မီတိုးတက်အောင် တည်ဆောက်နေရသလို အေးချမ်းသာယာအောင်လည်း ဆောင်ရွက်ရမှာဖြစ်တယ်။ ရဲဘော်တို့အနေနဲ့ နိုင်ငံတော် ကာကွယ်ရေးတာဝန်တွေ ထမ်းဆောင်ရင်း တစ်ဖက်ကလည်း နိုင်ငံသားအားလုံး စည်းလုံးညီညွတ်မှုဆိုတဲ့ အမျိုးသားနိုင်ငံရေးကိုတည်ဆောက်ကာ ဘယ်ခေတ် ဘယ်စနစ်မှာပဲဖြစ်ဖြစ် နိုင်ငံတော်ဟာ တည်ငြိမ်အေးချမ်းပြီး ကြီးမားတဲ့ရည်မှန်းချက်တွေ တက်လှမ်းနိုင်အောင် ပြည်သူတွေကို စည်းရုံးလုပ်ဆောင်သွားဖို့လိုကြောင်း ပြောကြားလိုတယ်။

**ရဲဘော်တို့-**

နိဂုံးချုပ်အနေနဲ့ ပြောကြားလိုတာကတော့-

- တပ်မတော်ရဲ့ အဓိကတာဝန်ဖြစ်တဲ့ နိုင်ငံတော် ကာကွယ်ရေးတာဝန်ကို အပြည့်အဝထမ်းဆောင်နိုင်ဖို့ တိုးတက်ပြောင်းလဲနေတဲ့ စစ်နည်းဗျူဟာနဲ့ စစ်ပညာရပ်တွေကို မျက်ခြည်မပြတ် လေ့လာဆည်းပူး အားထုတ်ကြပါ။
- စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ ကြံ့ခိုင်သန်စွမ်းပြီး ပညာရပ်ပိုင်းဆိုင်ရာ ကျွမ်းကျင်နေအောင် မြဲသုံးမြဲနဲ့အညီ အမြဲလေ့ကျင့်ကြပါ။
- တာဝန်ကျရာ ဒေသတွေက ပြည်သူလူထုရဲ့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းတွေမှာ ဝိုင်းဝန်းပါဝင် ကူညီဆောင်ရွက်ရင်း နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသား ညီအစ်ကို မောင်နှမများကို ပြည်ထောင်စုစိတ်ဓာတ် ခံယူကျင့်သုံးလာစေရေး စည်းရုံးဆောင်ရွက်ကြပါလို့ မှာကြားရင်း နိဂုံးချုပ်လိုက်ပါတယ်။



**စစ်တက္ကသိုလ် ဗိုလ်လောင်း သင်တန်းအမှတ်စဉ်(၅၁)သင်တန်း ဆင်း ဂုဏ်ပြုစစ်ရေးပြ အခမ်းအနားသို့ တက်ရောက်လာကြသူများ အား တွေ့ရစဉ်။**
(သတင်းစဉ်)



**တက်ရောက်လာကြသူများ**

**စစ်တက္ကသိုလ် ဗိုလ်လောင်း သင်တန်း အမှတ်စဉ် (၅၁) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြ အခမ်းအနားသို့ တက်ရောက် လာကြသူများအား တွေ့ရစဉ်။**
(သတင်းစဉ်)

## မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

**၁၃-၁၂-၂၀၀၈ (စနေနေ့)**

**နံနက်ပိုင်း**

၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ယောဆရာတော်ကြီး၏ ဥပ္ပါတသန္တိပါဠိတော်
၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ အဆိုပြိုင်ပွဲ
၇း၅၀ ၅။ ကဗျာပန်းဥယျာဉ်
၈း၀၅ ၆။ သံသာချိုအေးမင်္ဂလာတေး
၈း၁၅ ၇။ **“မြို့ကြီးသားယဉ်ကျေးမှု” (လွှမ်းထက်၊ဖိုးချစ်၊ ပုလဲဝင်း၊ နန်းဆုရတီစိုး၊ စုချစ်ဇော်)(ဒါရိုက်တာ-ဇော်လူထက်)**
၈း၃၀ ၈။ International News.
၈း၄၅ ၉။ တေးဂီတအစီအစဉ်
၉း၀၀ ၁၀။ အစီအစဉ်ပြီး၏။

**နေ့လယ်ပိုင်း**

၁၁း၀၀ ၁။ စစ်သည်တေး
၁၁း၁၀ ၂။ တေးဂီတအစီအစဉ်
၁၁း၂၅ ၃။ ချစ်စရာ့အရွယ် ကစားကြမယ်
၁၁း၅၀ ၄။ Yan Can Cook
၁၂း၁၀ ၅။ တစ်ပတ်အတွင်း ရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
၁၂း၂၅ ၆။ **နိုင်ငံခြားဇာတ်လမ်းတွဲ “အားကိုးချစ်သူ ကျေးတောသူ”(အပိုင်း-၄)**
၁း၁၀ ၇။ ဆန်းကြယ်ထူးခြား ပြိုင်ပွဲများ (Telematch)
၁း၅၀ ၈။ The Golden Triangle Past The Present
၂း၂၅ ၉။ တေးဂီတအစီအစဉ်
၂း၃၅ ၁၀။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၂း၄၅ ၁၁။ International News.
၃း၀၀ ၁၂။ အစီအစဉ်ပြီး၏။

**ညပိုင်း**

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၁၀ ၂။ ပြန်ကြားရေးဝန်ကြီးဌာန နိုင်ငံတော်သံစုံတီးဝိုင်း ဖျော်ဖြေတင်ဆက်မှု အစီအစဉ်
၄း၂၅ ၃။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
၄း၃၅ ၄။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ
- စတုတ္ထနှစ် (ဥပဒေပညာအထူးပြု) (ဥပဒေပညာ)
၄း၅၀ ၅။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၅း၀၀ ၆။ တိရစ္ဆာန်ဥယျာဉ် နေပြည်တော် သွားလိုက်ကြစို့ တူပျော်ပျော် (အပိုင်း-၁)
၅း၁၀ ၇။ မူဟန်သွယ်သွယ်ဆိုကြမယ်
၅း၂၉ ၈။ **“ကြိုတင်ပြင်ဆင်ဆောင်ရွက်လျှင် အန္တရာယ်ကင်းစင်မွေးမိခင်” (ထွန်းထွန်းဝင်း၊ ဖိုးသောကြာ၊ မေသန်းနု၊ ပပဝင်းခင်၊ ဝင့်နန္ဒာဖြိုး) [ဒါရိုက်တာ-အောင်မိုး(ပဲရစ်)]**
၅း၃၀ ၉။ မြန်မာ့ဓလေ့ရိုးရာလက်ဝှေ့
၅း၄၅ ၁၀။ တေးဂီတအစီအစဉ်
၆း၀၀ ၁၁။ ညနေခင်းသတင်း
၆း၃၀ ၁၂။ မိုးလေဝသအခြေအနေ
၆း၃၅ ၁၃။ အလှူရှာမယ်လှူကမ္ဘာဝယ်
၆း၅၀ ၁၄။ ပဋ္ဌာလက်ကျောင်းတော်
၇း၁၀ ၁၅။ **နိုင်ငံခြား ဇာတ်လမ်းတွဲ “သစ္စာနှင့်ယှဉ်သော မေတ္တာ”(အပိုင်း-၁)**
၈း၀၀ ၁၆။ ပြည်တွင်းသတင်း
၁၇။ နိုင်ငံတကာသတင်းများ
၁၈။ မိုးလေဝသအခြေအနေ
၁၉။ **နိုင်ငံခြားဇာတ်လမ်းတွဲ “အချစ်စစ်ရှာဖွေခြင်း” (အပိုင်း-၁၅)**
၂၀။ အစီအစဉ်ပြီး၏။

# အီရတ်၌ စားသောက်ဆိုင်အတွင်းဗုံးကွဲ၊ ၄၈ ဦး သေဆုံး

**ဘဂ္ဂဒက် ဒီဇင်ဘာ ၁၂**

အီရတ်နိုင်ငံမြောက်ပိုင်းရေး ကယ်ကွတ်မြို့အနီး စားသောက်ဆိုင်တစ်ဆိုင်၌ ကြာသပတေးနေ့က ဒေသဆိုင်ရာ ကာ့ဒ်တာဝန်ရှိသူများနှင့် နိုးကြားရေးအဖွဲ့ခေါင်းဆောင်များသည် အကြမ်းဖက်တိုက်ခိုက်ခြင်းများ အဆုံးသတ်ရန် ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေးစဉ် အသေခံဗုံးခွဲတိုက်ခိုက်ခံရသဖြင့် အနည်းဆုံး ၄၈ဦး သေဆုံးပြီး ၉၆ ဦး ဒဏ်ရာရရှိကြောင်း အင်တာနက်သတင်းတစ်ပုဒ်တွင် ဖော်ပြသည်။

ထိုစားသောက်ဆိုင်အတွင်း၌ အားလပ်ရက်ဖြစ်၍ ပျော်ရွှင်စွာ စားသောက်လျက်ရှိကြသော မိသားစု ရာပေါင်းများစွာနှင့် ပြည့်လျက်ရှိသည်။ ထိုစားသောက်ဆိုင်သည် ကယ်ကွတ်မြို့မြောက်ဘက် ၂၅ မိုင်အကွာ ကာ့ဒ်လူမျိုးများနှင့် အာရပ်လူမျိုးတို့ အားပြိုင်လျက်ရှိကြသောဒေသ၏ အလယ်ပိုင်းတွင် တည်ရှိသည်။ အီရတ်ရှိ အယ်လ်ခိုင်ဒါတို့ လှုပ်ရှားနေသော ဒေသလည်းဖြစ်သည်။

အီရတ်နိုင်ငံတွင် ယခုလများအတွင်း ဖြစ်ပွားသောတိုက်ခိုက်မှုများအနက် အဆိုးရွားဆုံးဖြစ်သည်။ အသက်ဆုံးရှုံးရသူ အရေအတွက်သည်ပိုမိုလာဖွယ်ရာရှိသည်ဟုဆိုသည်။

အားလပ်ရက်သုံးရက်တွင် တတိယမြောက်အားလပ်ရက်နေ့ နေ့လယ်စာစားသုံးချိန်ဖြစ်၍ စားသောက်ဆိုင်အတွင်း စားသုံးသူ ၃၀၀၀ခန့်နှင့် ပြည့်လျက်ရှိသည်ဟု တာဝန်ရှိသူများကပြောကြားသည်။ ***အင်တာနက်။***



**အီရတ်နိုင်ငံ ကယ်ကွတ်မြို့ ဗုံးပေါက်ကွဲမှုတွင် ဒဏ်ရာရရှိလာသူ တစ်ဦးအား ဆေးရုံသို့ သယ်ဆောင်လာစဉ်။** *(ဓာတ်ပုံ-အင်တာနက်)*



**အာဖဂန်နစ္စတန်နိုင်ငံကဘူးမြို့တွင် ဗုံးခွဲတိုက်ခိုက်မှု ဖြစ်ပွားပြီးနောက် အပျက်အစီးများကို တွေ့ရစဉ်။** *(ဓာတ်ပုံ-အင်တာနက်)*

## ကားဗုံးခွဲမှုနှင့် ပတ်သက်သူ ၃၀အား အီရတ်ရဲတပ်ဖွဲ့ကဖမ်းဆီး

**ဘဂ္ဂဒက် ဒီဇင်ဘာ ၁၂**

အီရတ်နိုင်ငံ ဖလူဂျာမြို့တွင် ကားဗုံးဖြင့် အကြမ်းဖက်တိုက်ခိုက်ခြင်းနှင့် ပတ်သက်သူ ၃၀ ကို အီရတ်ရဲတပ်ဖွဲ့က ဖမ်းဆီးရမိကြောင်း၊ ထိုကားဗုံးဖြင့် တိုက်ခိုက်မှုကြောင့် လူ၁၇ ဦး သေဆုံးခဲ့ရကြောင်း ပြောခွင့်ရပုဂ္ဂိုလ်ကဒီဇင်ဘာ၉ရက်တွင်ပြောကြားသည်။

ယင်းဗုံးဖောက်ခွဲမှုတွင် ကြိုးကိုင်သူခေါင်းဆောင်တာရစ်အယ်လ်ခါဘိုယူလီအား ဘဂ္ဂဒက်နိုင်ငံ အနောက်ဘက်ရှိ အဘူဂါရိတ်ဒေသတွင် ဒီဇင်ဘာ ၈ ရက်က ဖမ်းမိခဲ့သည်။ အခြားအဖွဲ့ဝင်များကိုမူ ဒီဇင်ဘာ ၉ ရက် နံနက်စောစောပိုင်းက ဝင်ရောက်စီးနင်းကာ ဖမ်းဆီးနိုင်ခဲ့သည်ဟု ပြောခွင့်ရ ပုဂ္ဂိုလ်က ထပ်လောင်းပြောကြားသည်။

အမည်မဖော်လိုသူတစ်ဦး၏သတင်းပေးချက်အရ ယခုကဲ့သို့ ဖမ်းဆီးရမိခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။ ၎င်းတို့သည် ဒီဇင်ဘာ ၄ ရက်က ဖလူဂျာရှိ ရဲစခန်းနှစ်ခုအား ကားနှစ်စီးပေါ်တွင် ဗုံးများအပြည့်အသိပ်တင်ကာ ဖောက်ခွဲတိုက်ခိုက်မှု ပြုခဲ့သည်။ ထိုစဉ်က ၁၇ ဦး သေဆုံးပြီး ရဲစခန်းနှစ်ခုလည်း ပျက်စီးသွားခဲ့ရသည်။ ***အင်တာနက်။***

## အာဖဂန်မြို့တော်အနီး တာလီဘန်တပ်မှူးတစ်ဦး သေဆုံး

**ကဘူး ဒီဇင်ဘာ ၁၂**

အာဖဂန်နစ္စတန်နိုင်ငံ ကဘူးမြို့တော်မှ ကီလိုမီတာ ၈၀ အကွာ၌ အရှေ့ပိုင်းပြည်နယ် လိုဂါတွင် ဒီဇင်ဘာ ၉ ရက်က စစ်ဆင်မှုတစ်ခု ပြုလုပ်ရာ တာလီဘန်တပ်မှူး မိုဟာမက်ဘိုဘီ သေဆုံးသွားကြောင်း နေတိုးတပ်ဖွဲ့၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

နေတိုးတပ်ဖွဲ့များနှင့်အာဖဂန်အမျိုးသားလုံခြုံရေးတပ်ဖွဲ့(အေအင်အက်စ်အက်ဖ်)တို့ ပူးတွဲစစ်ဆင်မှုကြောင့် မိုဟာမက်ဘိုဘီကို ရှင်းလင်းနိုင်ခြင်းဖြစ်ကြောင်း ထိုထုတ်ပြန်ချက်တွင် ရေးသားထားသည်။ ***အင်တာနက်။***

**ကြေးမုံ The Mirror နိုင်ငံတကာသတင်းများ**

## ဆီးနိတ်ရာထူးနေရာကိုရောင်းချရန် ကြိုးပမ်းသဖြင့် အီလီနွိုက်ပြည်နယ်အုပ်ချုပ်ရေးမှူး အဖမ်းခံရ

**ချီကာဂို ဒီဇင်ဘာ ၁၂**

အမေရိကန်သမ္မတရွေးကောက်ပွဲတွင် အီလီနွိုက်ပြည်နယ်ဆီနိတ်တာဘာရက်အိုဘားမား အရွေးချယ်ခံရသဖြင့် ၎င်း၏ ဆီးနိတ်အမတ်နေရာလစ်လပ်သွားသည်။ ထိုလစ်လပ်သွားသော ရာထူးနေရာကို အီလီနွိုက်ပြည်နယ်အုပ်ချုပ်ရေးမှူး ရောဒ်ဗလာဂိုဂျီဗစ်က ရောင်းချရန် ကြိုးပမ်းသည့်အတွက် အဖမ်းခံရကြောင်း အမေရိကန် ရှေ့နေချုပ်ရုံးမှ တာဝန်ရှိသူ ပက်ထရစ်ဖတ်သ်ဂျယ်ရယ်က ဒီဇင်ဘာ ၉ ရက်တွင် ကြေညာသည်။

အုပ်ချုပ်ရေးမှူး ဗလာဂိုဂျီဗစ်မှာ အကျင့်စာရိတ္တခြစားမှုဖြင့်အမှုရင်ဆိုင်ရမည်ဖြစ်ကြောင်း သတင်းစာရှင်းလင်းပွဲတွင်ပြောကြားသည်။ ၎င်း၏ရုံးအဖွဲ့အကြီးအကဲ ဂျွန်ဟဲရစ်မှာလည်း ထိုအမှုတွင် ကြံရာပါဖြစ်သဖြင့် အဖမ်းခံထားရသည်။

ယခုအမှုနှင့်ပတ်သက်၍ သမ္မတဖြစ်လာမည့် အိုဘားမားက မိမိနှင့်ပြည်နယ်အုပ်ချုပ်ရေးမှူးသည်အဆက်အသွယ်မရှိကြောင်း၊ သို့ဖြစ်၍ ယင်းအမှုနှင့်ပတ်သက်၍ မိမိတစ်စုံတစ်ရာသိရှိခြင်း မရှိကြောင်း ပြောကြားခဲ့သည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

## အိန္ဒိယတွင် ဘတ်စ်ကားမီးလောင် ၆၃ ဦး သေဆုံး

**လပ်ကနောင်း(အိန္ဒိယ) ဒီဇင်ဘာ ၁၂**

အိန္ဒိယနိုင်ငံ မြောက်ပိုင်းတွင် ဘုရားဖူးမော်တော်ယာဉ်တစ်စင်း မီးလောင်ရာ ၆၃ ဦး အရှင်လတ်လတ်မီးလောင်သေဆုံးရကြောင်း ဗုဒ္ဓဟူးနေ့တွင် ရဲတပ်ဖွဲ့က ပြောကြားသည်။

တပ်ချ်မဟာရိုရာ မြို့တော်အဂရာအနီး အမျိုးသားအဝေးပြေး လမ်းမကြီးပေါ်တွင် ၎င်းဘတ်စ်ကားသည် အင်္ဂါနေ့ ညနေပိုင်းက မောင်းနှင်နေစဉ်ယခုကဲ့သို့မီးလောင်ကျွမ်းခဲ့ခြင်းဖြစ်သည်။ သေဆုံးသူများတွင်ကလေး ၁၇ ဦးပါဝင်ပြီး ၎င်းတို့သည် မက်သူရာမြို့မှ ဘုရားဖူးကာပြန်လာကြခြင်းဖြစ်သည်။ ***အမ်အင်အေ၊ ရိုက်တာ။***



**အိန္ဒိယနိုင်ငံ ဟာရ်ယာနာပြည်နယ်မှ အသက် ၇၀ ရှိ မစ္စရာဂျီဒေဝီအား မကြာသေးမီက ၎င်းမွေးဖွားသော ကလေးငယ်နှင့်အတူ ဒီဇင်ဘာ ၉ ရက်က တွေ့ရစဉ်။** *(ဓာတ်ပုံ-အင်တာနက်)*

## လန်ဒန်လေလံပွဲတွင် စိန်တစ်လုံးကို ဒေါ်လာ ၂၄သန်းကျော်ဖြင့် စံချိန်တင်ရောင်းချ

**လန်ဒန် ဒီဇင်ဘာ ၁၂**

ဗြိတိန်နိုင်ငံ လန်ဒန်မြို့ ကျောက်မျက်ရတနာလေလံပွဲတစ်ခုတွင်အလွန်ရှားပါးသော မီးခိုးရောင် အနည်းငယ်သန်းသည့် ၁၇ ရာစုနှစ်မှ စိန်ပြာကြီးတစ်လုံးကို ပေါင် ၁၆ ဒသမ ၃၉သန်း (အမေရိကန်ဒေါ်လာ ၂၄ ဒသမ ၃ သန်း)နှင့်ကမ္ဘာ့စံချိန်တင်ဈေးနှုန်းအဖြစ် ဗုဒ္ဓဟူးနေ့က ရောင်းချသည်။

၎င်းစိန်၏ ကြိုတင်ခန့်မှန်းခြေတန်ဖိုးမှာ ပေါင်ကိုးသန်း ဖြစ်သည်။ နှစ်ပေါင်း ၈၀ နီးပါးကြာမှ နိုင်ငံတကာဈေးကွက်အတွင်းသို့ ပထမဆုံးအကြိမ်ပြန်လည် ဝင်ရောက်လာသော ၃၅ ဒသမ ၅၆ကာရက်ရှိ ထိုသမိုင်းဝင်စိန်ကြီးကို ရတနာကုန်သည် လောရင့်ဂရမ်က ဝယ်ယူသွားခြင်းဖြစ်သည်။ ထိုလေလံပွဲမှာ အကြိတ်အနယ်ပြိုင်ဆိုင်ခဲ့ကြကြောင်း လေလံပွဲပြောရေးဆိုခွင့်ရှိသူ တစ်ဦးက ရိုက်တာသတင်းဌာနသို့ ပြောကြားသည်။ ***အမ်အင်အေ၊ရိုက်တာ။***



**အမေရိကန်တို့အီရတ်ကိုကျူးကျော်တိုက်ခိုက်ပြီးနောက်ခုခံသူများနှင့် အဆက်အသွယ်ရှိသည်ဟု မသင်္ကာခံရသူအမျိုးသမီးများအား ဖမ်းဆီးထားစဉ်။** *(ဓာတ်ပုံ-အင်တာနက်)*

## စီချွမ်ပြည်နယ်တွင် ငလျင်လှုပ် နှစ်ဦးသေ

**ချန်ဒူး ဒီဇင်ဘာ ၁၂**

တရုတ်နိုင်ငံ အနောက်တောင်ပိုင်း စီချွမ်ပြည်နယ်တွင် ဗုဒ္ဓဟူးနေ့က ပြင်းအား ၅ ဒသမ ၀ အဆင့်ရှိမြေငလျင်လှုပ်ရာ နှစ်ဦးသေဆုံးပြီးသုံးဦးဒဏ်ရာရရှိကြောင်း ပြည်နယ်အစိုးရအဖွဲ့က ကြာသပတေးနေ့တွင်ပြောကြားသည်။

မေ ၁၂ရက်က ပြင်းအား ၈ ဒသမ ၀ ရှိ ငလျင်လှုပ်ပြီးနောက် ယခုထပ်မံလှုပ်သော ငလျင်သည် ဂွမ်ယွင်မြို့ရှိ ကျောက်မီးသွေးမိုင်းတစ်ခု၏ အမိုးများကို ကျွတ်ထွက်စေပြီး ကျောက်မီးသွေးတွင်း အလုပ်သမားနှစ်ဦးအား သေဆုံးစေခဲ့ကြောင်း မြို့တော်အရေးပေါ် စီမံရေးရုံးအဖွဲ့မှ တာဝန်ရှိသူ ဂျီယာကောင်းတဲက ပြောကြားသည်။

တုန်မူးကျင် ကျောက်မီးသွေးမိုင်းတွင်း၌ အလုပ်သမားခုနစ်ဦး အလုပ်လုပ်နေကြရာ ငါးဦးမှာ မည်သည့်ဒဏ်ရာမျှမရဘဲ လွတ်မြောက်သွားသည်ဟု တယ်လီဖုန်းဖြင့် မေးမြန်းသည်ကို ဂျီယာကဖြေကြားသည်။ မြေငလျင်၏ဗဟိုချက်ရှိရာ ကွင်းချမ်းခရိုင်တွင် အိမ် ၁၃ လုံးပြို ကျခြင်းမှလွဲ၍ အခြားအပျက်အစီးမရှိကြောင်း ဂျီယာကပြောကြားသည်။ ဗုဒ္ဓဟူးနေ့ နံနက် ၂ နာရီ ၅၃ မိနစ်တွင် မြောက်လတ္တီကျူ ၃၂ ဒသမ ၆ ဒီဂရီနှင့် အရှေ့လောင်ဂျီကျူ ၁၀၅ ဒသမ ၄ ဒီဂရီ မြေအနက် ၁၅ ကီလိုမီတာ၌ လှုပ်ခတ်ခဲ့ကြောင်း တရုတ်မြေငလျင်ဌာန၏ ဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

## အာဖရိကတွင် ငှက်ဖျားရောဂါကာကွယ်ဆေး စမ်းသပ်အောင်မြင်

**ကြေးမုံ The Mirror ကျန်းမာရေးသတင်း**

**နယူးယောက် ဒီဇင်ဘာ ၁၂**

အာဖရိကတိုက်ရှိ ကလေးငယ်များအား ငှက်ဖျားရောဂါဖြစ်ပွားခြင်းမှ ကာကွယ်စောင့်ရှောက်ပေးနိုင်ရန်အတွက် စမ်းသပ်စစ်ဆေးမှုများ ပြုလုပ်နေကြောင်း၊ ယခုစမ်းသပ်သော ဆေးသည် ငှက်ဖျားရောဂါ ကာကွယ်ဆေးအဖြစ် အစွမ်းပြနိုင်သည့် အလားအလာကို တွေ့မြင်နေရပြီဖြစ်ကြောင်း သုတေသနပြုသူများက တနင်္လာနေ့တွင် ပြောကြားခဲ့သည်။ ယင်းစမ်းသပ်ချက်သည် အာဖရိကတိုက်အတွက် သမိုင်းမှတ်တိုင်တစ်ခုပင် ဖြစ်သည်ဟု ဆိုသည်။ အာဖရိကတိုက်ရှိ နိုင်ငံနှစ်နိုင်ငံမှ နို့စို့အရွယ်ကလေးငယ်များနှင့် လမ်းလျှောက်တတ်ခါစ ရင်သွေးငယ်များအတွက် ငှက်ဖျားရောဂါ ကာကွယ်ဆေးကို ယခင်က စမ်းသပ်ခဲ့ရာ ရာခိုင်နှုန်း ၅၀ ကျော် ထိရောက်မှုရှိကြောင်း ပညာရှင်များက ပြောကြားသည်။ ယင်းရောဂါကြောင့် နှစ်စဉ်ကလေးငယ် တစ်သန်းနီးပါး သေဆုံးခဲ့ရကြောင်း သုတေသနပြုသူသိပ္ပံပညာရှင်များက ပြောကြားသည်။ လာမည့်နှစ် စောစောပိုင်းမှစ၍ ဆက်လက်စမ်းသပ်မှုများကို ပြုလုပ်မည်ဖြစ်ပြီး အောင်မြင်မှုများရရှိပါက ထိုဆေးကို ဈေးကွက်တင် ရောင်းချနိုင်ရန် ၂၀၁၁ ခုနှစ်တွင် ခွင့်ပြုချက်တောင်းခံမည်ဖြစ်သည်။ ယင်းဆေးကို ဗြိတိန်နိုင်ငံ အခြေစိုက်ဂလက်ဆိုစမစ်ကလိုင်းပီအယ်လ်စီမှ ထုတ်လုပ်ခြင်းဖြစ်သည်။

# အသက်ကယ်ရေး သန့်စင်သွေး မနေးလှူကြ မြတ်ဒါန

ပန်းတောင်း သန်းကြွယ်

လူ့ခန္ဓာကိုယ်တွင် သွေးသည် မရှိမဖြစ်လိုအပ်သည်။ လူ၏ခန္ဓာကိုယ်မှသွေးကို ထုတ်ဖယ်ပစ်လိုက်ပါက ထိုသူသည် အသက်ရှင်ရပ်တည်ရန် မဖြစ်နိုင်တော့ပေ။ ထို့ကြောင့် သွေးသည် လူ၏အသက်ဟု ဆိုရခြင်းဖြစ်သည်။ လူနာတစ်ဦးတစ်ယောက်အတွက်ဖြစ်စေ၊ လူနာအများအတွက်ဖြစ်စေ လိုအပ်သည့်အချိန်တွင် သွေးသွင်းကုသပေးပြီး အသက်ကိုကယ်လိုက်နိုင်သဖြင့် သွေးလှူဒါန်းခြင်းသည် အသက်ကယ်ပေးခြင်းပင်ဖြစ်သည်။ သွေးလှူရှင်များသည် အရေးပေါ်သွေးလိုအပ်သူလူနာများ၏ အသက်သခင်ကျေးဇူးရှင်များပင်ဖြစ်သည်။ ပြုနိုင်ခဲလှသော ဇီဝိတဒါနပြုကြသူ အလှူရှင်များ၊ ဂုဏ်ပြုထိုက်သူများဖြစ်သည်။

သွေးသွင်းကုသမှုကို အဓိကအားဖြင့် ထိခိုက်ဒဏ်ရာရပြီး သွေးထွက်လွန်ခြင်း၊ ခွဲစိတ်ကုသမှုပြုလုပ်စဉ် သွေးထွက်များ၍ သွေးလိုအပ်နေခြင်း၊ ကလေးမီးဖွားစဉ်နှင့် ကိုယ်ဝန်ပျက်ကျစဉ်တို့၌ သွေးသွန်ခြင်း၊ ရှော့ခ်(ခေါ်)သွေးလန့်ခြင်း၊ အလွန်အမင်း သွေးအားနည်းခြင်း၊ ကင်ဆာရောဂါရှိခြင်း စသည်တို့၌ မလွဲမသွေပြုလုပ်ကြရသည်။

လူ၏ခန္ဓာကိုယ်တွင် "သွေး"သည် အလွန်အရေးကြီးသော အစိတ်အပိုင်းတစ်ခုဖြစ်သည်။ ထုထည်ပမာဏအားဖြင့် ငါးလီတာကျော်မျှရှိသည်။ ခန္ဓာကိုယ်တစ်ခုလုံးတွင် စီးဝင်ပျံ့နှံ့လှုပ်ရှားနေ၏။ အနီရောင်အရည်မျှသာဖြစ်သော သွေး၏အစွမ်းသတ္တိနှင့် အကျိုးသက်ရောက်မှုမှာ အလွန်ကြီးမားကျယ်ပြန့်သည်။ အလွန်ကြီးမားသော တာဝန်ကိုထမ်းဆောင်နေရသည့်ခန္ဓာကိုယ်၏ အစိတ်အပိုင်းတစ်ရပ်ဖြစ်သည်။

လူ့ခန္ဓာကိုယ်အတွင်းရှိ နှလုံးကသွေးကို တွန်းပို့ခြင်းအားဖြင့် ခန္ဓာကိုယ်နေရာအနှံ့သို့ရောက်ရှိအောင် လှည့်ပတ်သွားလာနေသည်။ သွေးလွှတ်ကြောမှပျံ့နှံ့သွားပြီး သွေးပြန်ကြောမှတစ်ဆင့် နောက်ဆုံးတွင် နှလုံးသို့ပြန်ရောက်ရ၏။ သွေးတွင် အဓိကအစိတ်အပိုင်းကြီး လေးခုဖြင့် ပါဝင် ဖွဲ့စည်းထားသည်။ (၁) သွေးနီဥများ၊ (၂) သွေးဖြူဥများ၊ (၃)သွေးဥမွှားကလေးများ၊ (၄) သွေးရည်ကြည်တို့ဖြင့် ဖွဲ့စည်းထားခြင်းဖြစ်သည်။ ပမာဏအားဖြင့် ၄၀ ဒသမ ၆၈ ရာခိုင်နှုန်းသည် သွေးနီဥများဖြစ်သည်။ ၅၅ ဒသမ ၆၀ ရာခိုင်နှုန်းမှာ သွေးရည်ကြည်၊ သွေးဖြူဥများ၊ သွေးတိတ်သွေးခဲစေသောဓာတ်များနှင့် သွေးဥမွှားကလေးများ ဖြစ်ကြသည်။

ထုထည်ပမာဏ တစ်မီလီမီတာပတ်လည်ရှိ သွေးစက်ကလေးတစ်စက်တွင် သွေးနီဥ ၄ ဒသမ ၅ သန်းရှိသည်။ သွေးဖြူဥ ၄၀၀၀ မှ ၁၁၀၀၀ ထိပါဝင်သည်။ သွေးဥမွှားကလေးများ ၁၅၀၀၀၀ မှ ၄၀၀၀၀၀ အထိပါဝင်သည်။ သွေးနီဥသက်တမ်းမှာ ရက်ပေါင်း ၁၂၀ ခန့် အထိရှိသော်လည်း သွေးဖြူဥသက်တမ်းမှာ ပုံမှန်အားဖြင့် ၃ ဒသမ ၉ ရက်ခန့်အထိသာရှိသည်။သွေးဥအသစ်များကားအစဉ်အမြဲဖြစ်ပေါ်နေသည်။

သွေးနီဥများသည် အောက်ဆီဂျင်ဓာတ်ကို ခန္ဓာကိုယ်နေရာအနှံ့သို့ သယ်ပို့ပေး၏။ လူတစ်ဦးတွင် သွေးနီဥသန်းထောင်ပေါင်း ၂၅ ထိရှိသည်။ သွေးဖြူဥများသည် ရောဂါကိုခုခံတိုက်ဖျက်သည့် ယန္တရားစနစ်ကို တည်ဆောက်ထား၏။ ခန္ဓာကိုယ်အတွင်းသို့ ဝင်ရောက်လာသော ရောဂါပိုးများ ကျူးကျော်ဝင်ရောက်ခြင်းကို တားဆီးတိုက်ခိုက်ပေးသည်။ သွေးဥမွှားကလေးများသည် ခန္ဓာကိုယ်မှသွေးထွက်လျှင် သွေးတိတ်အောင် တာဝန်ယူဆောင်ရွက်ပေးသည်။ သွေးရည်ကြည်သည် ခန္ဓာကိုယ်အစိတ်အပိုင်းများသို့ ပရိုတိန်းဓာတ်များ သယ်ယူပို့ဆောင်ပေးသည်။ ပဋိဇီဝပစ္စည်းများ၊ အာဟာရဓာတ်များ၊ သွေးတိတ်စေသည့်ဓာတ်များကိုလည်း ခန္ဓာကိုယ်အနှံ့သို့ ရောက်ရှိအောင် သယ်ယူပို့ဆောင်ပေးသည်။

ထို့အတူပင် သွေးသည် ခန္ဓာကိုယ်အစိတ်အပိုင်းများမှ အညစ်အကြေးများကို သယ်ယူစွန့်ထုတ်ပေးသည့်လုပ်ငန်းကိုလည်း ဆောင်ရွက်ပေးသည်။ သွေး၏လုပ်ငန်းတာဝန်များ လွန်စွာများပြားလှသကဲ့သို့ သွေး၏တန်ဖိုးမှာလည်း ကြီးမားလှသည်။

သွေးသွင်းကုသမှုကြောင့် ကူးစက်ရောဂါပိုးများ ကူးစက်ခြင်းမရှိရအောင်၊ သွေးကောင်းသွေးသန့်များရရှိအောင် ဆောင်ရွက်ကြရသည်။ လှူဒါန်းပြီးသောသွေးများကို သွေးသွင်းကုသခြင်းမပြုမီ ဓာတ်ခွဲ စမ်းသပ်ခြင်းဖြင့် HIV ပိုး၊ အသည်းရောင်အသားဝါ ဘီပိုး၊ စီပိုး၊ ကာလသားရောဂါပိုးများရှိ၊ မရှိကိုစစ်ဆေးရသည်။ ကူးစက်ရောဂါပိုးကင်းစင်သည့်သွေးများကိုသာ သုံးစွဲကုသပေးသည်။ ပိုးတွေ့သည့် သွေးပုလင်း၊ သွေးအိတ်များကို စနစ်တကျဖျက်ဆီးပစ်ရသည်။

ယခုအခါ သွေးမလှူဒါန်းမီ သွေးလှူရှင်များအား မေးခွန်းလွှာများကို စနစ်တကျမေးမြန်းရေးသွင်းပြီးမှ လှူဒါန်းစေသည့်စနစ်ကို ကျင့်သုံးလျက်ရှိရာ များစွာအထောက်အကူပြုလျက်ရှိသည်။ လှူဒါန်းပြီးသွေးများကို ဓာတ်ခွဲစစ်ဆေးရာ ပိုးတွေ့သည့်သွေး အလွန်နည်းသွားပြီဖြစ်၏။ ကိုယ်ကျိုးမဖက် စေတနာသက်သက်ဖြင့် စဉ်ဆက်မပြတ် လှူဒါန်းပေးကြသော ကျန်းမာသန့်စင်သည့် စေတနာသွေးလှူရှင်များ တစ်နေ့တခြားများပြားလာသည့်အတွက်ကြောင့်လည်း ပိုးတွေ့ရသည့်သွေး အလွန်နည်းပါးသွားခြင်းပင် ဖြစ်သည်။

စေတနာသွေးလှူရှင်များ လှူဒါန်းထောက်ပံ့လိုက်သော သန့်စင်သည့်သွေးမှ ဖြစ်ပေါ်ရရှိလာသည့် ရလဒ်များသည် လူသားအချင်းချင်းပေးနိုင်သော လက်ဆောင်များအနက် ငွေကြေးဖြင့်တန်ဖိုးဖြတ်၍မရနိုင်ကောင်းသောထူးခြားမွန်မြတ်သည့်ဇီဝိတဒါနလက်ဆောင်ကြီးပင်ဖြစ်သည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးကသွေးလိုအပ်မှုသည် ကမ္ဘာတစ်ဝန်းလုံး၌တူညီသော လိုအပ်ချက်ဖြစ်သော်လည်း ဖွံ့ဖြိုးဆဲနိုင်ငံများ၌ သွေးလုံလောက်စွာ မရရှိနိုင်ကြောင်း၊ ကမ္ဘာ့ဖွံ့ဖြိုးဆဲနိုင်ငံများမှ အမျိုးသမီးများကိုယ်ဝန်ဆောင်ချိန်နှင့်ကလေးမီးဖွားချိန်တွင် သေဆုံးမှုမှာ နှစ်စဉ် ငါးသိန်းခန့်ရှိပြီး ၎င်းသေဆုံးမှု၏ ၉၉ ရာခိုင်နှုန်းမှာ လိုအပ်သောသွေး အချိန်မီမရနိုင်ခြင်းကြောင့်ဖြစ်ကြောင်း၊ အာဖရိကတိုက်၏ သွေးသွင်းကုသမှု ရာခိုင်နှုန်း ၇၀ မှာ ကလေးများ၌ ဖြစ်ပွားနေသော သွေးအားနည်းရောဂါ၊ ငှက်ဖျားရောဂါများ ကုသမှုတို့အတွက် အသုံးပြုနေရကြောင်း သုံးသပ်တင်ပြခဲ့သည်။

ထို့ပြင် ကမ္ဘာတစ်ဝန်းလုံးတွင် လူပေါင်းလေးသန်းခန့်သည် စိတ်မချရသော သွေးသွင်းကုသမှုကြောင့် HIV ပိုးများ ကူးစက်ခံခဲ့ရကြောင်း၊ အသည်းရောင်အသားဝါဘီပိုး၊ စီပိုး၊ ကာလသားရောဂါများ တွေ့ရှိရမှုမှာ မျှော်မှန်းထားသည်ထက် ပိုမိုများပြားနေသည်ကို လှူဒါန်းထားသော သွေးများမှ စမ်းသပ်တွေ့ရှိနေရကြောင်း၊ သွေးမှတစ်ဆင့် ကူးစက်နိုင်သော ရောဂါပိုးများဖြစ်သည့် HIV ပိုး၊ အသည်းရောင်အသားဝါဘီပိုး၊ စီပိုးများ သည် ပိုးစတင်ဝင်ရောက်သည့်အချိန်မှ စမ်းသပ်တွေ့ရှိနိုင်သည့်အချိန်အတွင်းဖြစ်သော Window Period ခေါ်ကြားကာလတွင် ဓာတ်ခွဲစမ်းသပ်မှုဖြင့် ရောဂါပိုးကို ရှာဖွေတွေ့ရှိနိုင်မည်မဟုတ်သောကြောင့် နောက်ဆက်တွဲ ဆိုးကျိုးမရှိနိုင်သော သွေးသွင်းကုသမှုဟူ၍ ရာနှုန်းပြည့် အာမမခံနိုင်ကြောင်း၊ ၎င်းရောဂါပိုးများ ကူးစက်မှုမရှိသော လူနေမှုစရိုက်ကို ကျင့်သုံးနေသည့် စေတနာသွေးလှူရှင်များကသာ သွေးသွင်းကုသမှု၏ နောက်ဆက်တွဲ ဆိုးကျိုးများကို ဖြေရှင်းပေးနိုင်မည်ဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ထုတ်နုတ်ဖော်ပြခဲ့သည်။အရေးပါလှသော စေတနာသွေးလှူရှင်များ၏ အခန်းကဏ္ဍကို ပိုမိုပေါ်လွင်စေရန် ရည်ရွယ်၍ ၂၀၀၄ ခုနှစ်မှစပြီး ဇွန်လ ၁၄ ရက်ကို ကမ္ဘာ့သွေးလှူရှင်များနေ့ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက သတ်မှတ်ခဲ့သည်။ ၂၀၀၅ ခုနှစ်တွင် ကျင်းပသည့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ (၅၈)ကြိမ်မြောက် ညီလာခံက နှစ်စဉ်ဇွန်လ ၁၄ ရက်ကို ကမ္ဘာ့သွေးလှူရှင်များနေ့အဖြစ် အတည်ပြုသတ်မှတ်ပေးခဲ့ပြီး စေတနာသွေးလှူရှင် စုဆောင်းမှု တိုးတက်လာရေးကို အားပေးထောက်ခံခဲ့ကြသည်။

မြန်မာနိုင်ငံသွေးသွင်းကုသမှုသမိုင်းကို ပြန်ကြည့်ပါက ၁၉၃၉ ခုနှစ်တွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ သွေးလှူဘဏ် စတင်ဖွင့်လှစ်ကုသခဲ့ပြီး ထိုစဉ်က ငွေကြေးဖြင့်ဝယ်ယူကုသရသည့်စနစ်ကို ကျင့်သုံးခဲ့သည်။ ၁၉၆၂ ခုနှစ်တွင် မိမိဆန္ဒအလျောက်လှူဒါန်းသော စေတနာသွေးလှူရှင်များကို အခြေပြုသောစနစ်သို့ ပြောင်းလဲကျင့်သုံးခဲ့သည်။ ရန်ကုန်ဆေးရုံကြီး သွေးလှူဘဏ်ကိုလည်း ဗဟိုအမျိုးသားသွေးလှူဘဏ်အဖြစ် အဆင့်တိုးမြှင့်ပေးခဲ့သည်။ ပြည်နယ်နှင့် တိုင်း၊ ခရိုင်ဆေးရုံကြီးများတွင်ပါ သွေးလှူဘဏ်ခွဲများ ပေါ်ပေါက်လာအောင် ဆောင်ရွက်ခဲ့ရာ ယခုအခါ များစွာ ထိရောက်အောင်မြင်နေပြီဖြစ်သည်။

ဗဟိုအမျိုးသားသွေးလှူဘဏ်ကော်မတီ စတင်ပေါ်ပေါက်လာသည့် ဒီဇင်ဘာ ၁၄ ရက်ကို မြန်မာ့သွေးလှူရှင်များနေ့အဖြစ် သတ်မှတ်၍ သွေးလှူရှင်များအား ၁၉၇၆ ခုနှစ်မှစ၍ ဂုဏ်ပြုခဲ့ရာ ယခု ၂၀၀၈ ခုနှစ် ဒီဇင်ဘာ ၁၄ ရက် ဂုဏ်ပြုပွဲမှာ (၃၂) ကြိမ်မြောက် သွေးလှူရှင်များ ဂုဏ်ပြုပွဲပင်ဖြစ်သည်။ သွေးလှူရှင် ၆၄၀ ခန့် တက်ရောက်မည်ဟု သိရသည်။

ယခုအခါ စက်မှုနှင့်နည်းပညာ လွန်စွာခေတ်မီတိုးတက်လာသဖြင့် သွေးမှသွေးပစ္စည်းအမျိုးမျိုးကိုခွဲထုတ်၍ ရောဂါအမျိုးအစားအလိုက် လိုအပ်သော အမျိုးအစားများကို ပိုင်းခြားပေးသွင်းကုသခြင်းမျိုးကိုပင် ဆောင်ရွက်လာနိုင်ပြီဖြစ်၏။ သို့သော် လူ၏သွေးကိုမူ အတုပြုလုပ်၍ မရနိုင်သေးသဖြင့် လူသားတို့၏သဘာဝသွေးမှာ အဖိုးအနဂ္ဃထိုက်တန်ဆဲပင် ဖြစ်သည်။

သွေးလှူဒါန်းခြင်းဖြင့် တစ်စုံတစ်ရာအန္တရာယ်မဖြစ်နိုင်ပါ။ သွေးလှူဒါန်းရာတွင် ပိုးမွှားသန့်စင်ပြီးသောအပ်များ၊ ကိရိယာများကိုသာ သုံးစွဲသဖြင့် မည်သည့်ရောဂါမျှမကူးစက်နိုင်ပါ။ သွေးမလှူဒါန်းမီလိုအပ်သော ဆေးစစ်ဆေးချက်များ ပြုလုပ်ပြီးမှသာ လှူဒါန်းစေသဖြင့် မည်သည့်အန္တရာယ်မျှမရှိပါ။ သွေးလှူဒါန်းမှုသည် မိနစ်ပိုင်းမျှသာကြာပြီး သွေးလှူရှင်အား ခေတ္တအနားယူစေခြင်း၊ အစားအစာဖြင့် အားဖြည့်လန်းဆန်းစေခြင်းတို့ကြောင့် သွေးလှူဒါန်းပြီး ရွှင်လန်းကြည်နူးစွာ ပီတိသုခကို ခံစားနိုင်ပါသည်။ အသက် ၁၈ နှစ်မှ ၆၀ အတွင်းရှိ ကျန်းမာရေးပြည့်စုံသူတိုင်းသည် မိမိတို့၏ စေတနာသွေး၊ သန့်စင်သွေးများကို အသက်ကယ်ရေးအတွက် ပေးလှူသင့်ကြပေသည်။ ဤဆောင်းပါးဖြင့် အသက်သခင်ကျေးဇူးရှင်၊ စေတနာသွေးလှူရှင်အပေါင်းအား လှိုက်လှဲစွာ ဂုဏ်ပြုအပ်ပါသည်။ ။

**စေတနာသွေးလှူရှင်များ လှူဒါန်းထောက်ပံ့လိုက်သော သန့်စင်သည့်သွေးမှ ဖြစ်ပေါ်ရရှိလာသည့် ရလဒ်များသည် လူသားအချင်းချင်းပေးနိုင်သော လက်ဆောင်များအနက် ငွေကြေးဖြင့်တန်ဖိုးဖြတ်၍မရနိုင်ကောင်းသော ထူးခြားမွန်မြတ်သည့် ဇီဝိတဒါနလက်ဆောင်ကြီးပင်ဖြစ်။**

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

**၁၃-၁၂-၂၀၀၈ (စနေနေ့)**

**နံနက်ပိုင်း**

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ အဖွင့်သီချင်း
- ၇း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်းရောင်စုံမှတ်တမ်း
- ၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီးပြိုင်ပွဲအစီအစဉ်
- ၇း၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
- ၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၈း၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
- ၈း၁၆ ၁၂။ ပြီးပါပြီ။

**နေ့လယ်ပိုင်း**

- ၁၁း၀၀ ၁။ မြဝတီအဖွင့်
- ၁၁း၀၅ ၂။ အဖွင့်သီချင်း
- ၁၁း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၁၁း၂၅ ၄။ ကာတွန်းအစီအစဉ် **-ဂျူမုံမင်းသားလေး (အပိုင်း-၅)**
- ၁၂း၀၀ ၅။ **မြဝတီရုပ်မြင်ပေါ်က ရုပ်ရှင် -မိုက်ကြေးခွဲသူများ လွင်မိုး၊ ခိုင်သင်းကြည် (ဒါရိုက်တာညိုမင်းလွင်)**
- ၁း၅၅ ၆။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၂း၀၀ ၇။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -မောင်နဲ့သာဆိုရင် (အပိုင်း-၃)**
- ၂း၅၅ ၈။ အပိတ်နှုတ်ဆက်စကား
- ၃း၀၀ ၉။ ပြီးပါပြီ။

**ညပိုင်း**

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၀ ၃။ ချစ်သူစုံတွဲတူယှဉ်နွဲ
- ၄း၁၅ ၄။ မြန်မာသံစဉ် ချိုနားဝင်
- ၄း၂၀ ၅။ မျိုးချစ်တပ်မတော်
- ၄း၃၀ ၆။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
- ၅း၀၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၅း၂၀ ၈။ ပျော်ရွှင်စရာ သရုပ်ဆောင်ကမ္ဘာ
- ၆း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၁၀ ၁၀။ နိုင်ငံတကာသတင်း
- ၆း၂၀ ၁၁။ အမျိုးသားရေးတေးကဗျာ
- ၆း၂၅ ၁၂။ ထူးခြားဆန်းပြား ကမ္ဘာတစ်လွှား
- ၆း၄၅ ၁၃။ လျှပ်တစ်ပြက်ရိုက်ချက်
- ၇း၀၀ ၁၄။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -သံယောဇဉ်နှောင်ကြိုး (အပိုင်း-၃၂)**
- ၈း၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၆။ မိုးလေဝသသတင်း
- ၁၇။ အမျိုးသားရေးတေးကဗျာ
- ၁၈။ လူ့ရွှင်တော်ရွှေဖလား
- ၁၉။ အင်္ဂလိပ်စာသုတ (English Usage)
- ၂၀။ ယနေ့ညအတွက်မြဝတီ၏တေးလက်ဆောင်
- ၂၁။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ငါးကလေး (အပိုင်း-၁၅)**
- ၂၂။ သင့်အတွက်မနက်ဖြန်
- ၂၃။ အပိတ်နှုတ်ဆက်စကား
- ၂၄။ ပြီးပါပြီ။

ကြေးမုံ The Mirror

# ပြည်တွင်းအားကစား

MYANMAR

11th MGC JUNIOR GOLF OPEN CHAMPIONSHIPS - 2008 ( 29 , 30 ) DECEMBER 2008.

M.G.C

## မျိုးဆက်သစ်လူငယ် ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၁၂**

မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်က ကြီးမှူး၍ မျိုးဆက်သစ်လူငယ် ဂေါက်သီးရိုက်ပြိုင်ပွဲ (11th MGC Junior Golf Open Championships 2008)ကို ဒီဇင်ဘာ ၂၉ ရက်နှင့် ၃၀ ရက်တို့တွင် ရန်ကုန်မြို့ရှိ မြန်မာ ဂေါက်သီးရိုက်အသင်း (၉)မိုင် ပြည်လမ်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ရာ 11th MGC Junior Golf Open Championships 2008 ဂေါက်သီးရိုက်ပြိုင်ပွဲတွင် အသက်(၁၀-၁၂)နှစ်အတန်း၊ အသက်(၁၃-၁၅) နှစ်အတန်း၊ အသက် (၁၆-၂၀)နှစ် အတန်းများနှင့် အမျိုးသမီးပြိုင်ပွဲ၌ အသက် (၁၀-၁၈)နှစ်အတန်းဟူ၍ လေးတန်းခွဲခြားပြီး ကျင်းပမည်ဖြစ်ကာ ပြိုင်ပွဲတွင် ဆုများကို အတန်းလိုက် ထိုက်ထိုက်တန်တန် ချီးမြှင့်မည်ဖြစ်သည်။

ယင်းပြိုင်ပွဲများ၏ ဆုများကို မြန်မာဂေါက်သီးရိုက်အသင်းနှင့် ကုမ္ပဏီများ၊ အဖွဲ့အစည်းများနှင့် တစ်ဦးချင်း အလှူရှင်များက ကူညီပံ့ပိုးကြမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲသို့ ပါဝင်ယှဉ်ပြိုင်ကြမည့် မျိုးဆက်သစ်လူငယ် ဂေါက်သီးရိုက် အားကစားမောင်မယ်များသည် ဒီဇင်ဘာ ၂၇ ရက် မွန်းလွဲ ၂ နာရီ နောက်ဆုံးထား၍ မြန်မာဂေါက်သီးရိုက်အသင်း (၉)မိုင် ပြည်လမ်းသို့ အမည်စာရင်းပေးသွင်းရမည်ဖြစ်ပြီး လူဦးရေ အကန့်အသတ်ရှိမည်ဖြစ်သဖြင့် ကြိုတင်စာရင်းပေးသွင်းရမည်ဖြစ်သည်။ ပြိုင်ပွဲနှင့်စပ်လျဉ်း၍ သိရှိလိုသူများသည် မြန်မာဂေါက်သီးရိုက်အသင်း ဖုန်း-၆၆၁၇၀၂၊ ၆၆၅၃၁ တို့သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## အာရှ(Compound) မြားပစ်ပြိုင်ပွဲ ဆက်လက်ကျင်းပ မြန်မာမြားပစ်အဖွဲ့ ရွှေနှစ်ခု၊ ငွေတစ်ခု ထပ်မံဆွတ်ခူး

**ရန်ကုန် ဒီဇင်ဘာ ၁၂**

၂၀၀၈ခုနှစ် ပထမအကြိမ် ကမ္ဘာ့အဆင့်သတ်မှတ်ရေး အာရှ (Compound) မြားပစ်ပြိုင်ပွဲ ဒုတိယနေ့ ပွဲစဉ်များကို ဒီဇင်ဘာ ၁၂ရက် နံနက် ၁၀ နာရီမှစ၍ ကျိုက္ကဆံ အမှတ်(၅) ဂိတ်ရှိ မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ် လေ့ကျင့်ရေးကွင်းနှင့် ပြိုင်ကွင်း၌ ကျင်းပရာ အိမ်ရှင်မြန်မာမြားပစ်အဖွဲ့က ရွှေတံဆိပ်နှစ်ခု၊ ငွေတံဆိပ် တစ်ခု ထပ်မံဆွတ်ခူး ရရှိသွားသည်။

ပြိုင်ပွဲသို့ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ အာရှမြားပစ်အဖွဲ့ချုပ်ကောင်စီဝင်၊ အရှေ့တောင်အာရှ မြားပစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ် ဂုဏ်ထူးဆောင်ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေ၊ မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးကျော်ဦး၊ (လက်ထောက်ညွှန်ကြားရေးမှူး၊ အား/ကာ)နှင့်အမှုဆောင်များ၊ ကမ္ဘာ့မြားပစ်အဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌ Mr.Sanguan Kosavinta၊ အာရှမြားပစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌMaj(Rtd)Baharuddin Jamil၊ အတွင်းရေးမှူး Mr.Um Sung Vio နှင့် တာဝန်ရှိသူများ၊ မြားပစ် အားကစားဝါသနာရှင်များ ကြည့်ရှုအားပေးကြသည်။

ဒီဇင်ဘာ ၁၂ ရက်တွင် ကျင်းပသောပွဲစဉ်များတွင် အမျိုးသား မီတာ (၇၀)တစ်ဦးချင်း၊ ရှုံး/ထွက်ပြိုင်ပွဲတွင် ရဲမင်းဆွေက ရွှေတံဆိပ်၊ အမျိုးသမီး မီတာ(၇၀) တစ်ဦးချင်း ရှုံး/ထွက် ပြိုင်ပွဲတွင် လှလှစံက ရွှေတံဆိပ်၊ အောင်ငိုမ်းက ငွေတံဆိပ်တို့ ရရှိခဲ့ကြသည်။ အမျိုးသားပြိုင်ပွဲတွင် ရဲမင်းဆွေက ရွှေတံဆိပ်၊ အိန္ဒိယမှ Ch,Leninက ငွေတံဆိပ်၊ အိန္ဒိယမှ Jiwanjot Singhက ကြေးတံဆိပ်တို့ ရရှိခဲ့ပြီး ရွှေတံဆိပ်ရ ရဲမင်းဆွေမှာ ပထမအဆင့်တွင်Amandeep Kamboj (အိန္ဒိယ)ကို ၁၁၁-၁၀၃ မှတ်၊ ကွာတားဖိုင်နယ်တွင် K.Jitti(ထိုင်း)ကို ၁၁၂-၁၀၆ မှတ်၊ အကြိုဗိုလ်လုပွဲတွင် Jiwanjot Singh (အိန္ဒိယ)ကို ၁၁၄-၁၁၀ မှတ်၊ ဗိုလ်လုပွဲတွင် Ch.Lenin (အိန္ဒိယ)ကို ၁၁၆-၁၀၉ မှတ်တို့ဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ အမျိုးသမီးပြိုင်ပွဲတွင် လှလှစံက ရွှေတံဆိပ်၊ အောင်ငိုမ်းက ငွေတံဆိပ်၊ Manveer Kour(အိန္ဒိယ)က ကြေးတံဆိပ်တို့ ရရှိကြသည်။ ရွှေတံဆိပ်ဆုရှင် လှလှစံမှာ ကွာတားဖိုင်နယ်တွင် Yogitta(အိန္ဒိယ)ကို ၁၀၄-၁၀၀ မှတ်၊ အကြိုဗိုလ်လုပွဲတွင် Manveer Kour (အိန္ဒိယ)ကို ၁၁၁-၁၀၄ မှတ်၊ ဗိုလ်လုပွဲတွင် အောင်ငိုမ်းတို့ကို အနိုင်ရခဲ့ခြင်းဖြစ်သည်။ ဗိုလ်လုပွဲတွင် လှလှစံနှင့် အောင်ငိုမ်းတို့မှာ မြား ၁၂ ချောင်းပစ်ရာတွင် ၁၀၇ မှတ်စီတူနေ၍ ပယ်နယ်တီ တစ်ချောင်းစီ ထပ်ပစ်ရာ လှလှစံက ကိုးမှတ်၊ အောင်ငိုမ်းကရှစ်မှတ်ရပြီး လှလှစံက ရွှေတံဆိပ်ရသွားခြင်း ဖြစ်သည်။

ပြိုင်ပွဲ၏ ဒုတိယနေ့အပြီးတွင် အိမ်ရှင်မြန်မာက ရွှေလေးခု၊ ငွေနှစ်ခုရရှိကာ ထိပ်ဆုံးမှ ဦးဆောင်နေပြီး အိန္ဒိယက ငွေနှစ်ခု၊ ကြေးလေးခုဖြင့် ဒုတိယနေရာမှ လိုက်နေသည်။ ဒီဇင်ဘာ ၁၃ ရက်တွင် အသင်းလိုက် ပြိုင်ပွဲများကို ဆက်လက်ကျင်းပမည်ဖြစ်သည်။ (ကြေးမုံ)



ပြိုင်ပွဲ ဒုတိယနေ့တွင် မြန်မာမြားပစ်အဖွဲ့အတွက် ရွှေတံဆိပ် တစ်ခုစီ ထပ်မံရယူပေးခဲ့သော ရဲမင်းဆွေနှင့် လှလှစံတို့အားတွေ့ရစဉ်။



အမျိုးသမီး မီတာ (၇၀) တစ်ဦးချင်း ရှုံး/ထွက်ပြိုင်ပွဲ ဗိုလ်လုပွဲတွင် ရွှေတံဆိပ်ရ လှလှစံနှင့် ငွေတံဆိပ်ရ အောင်ငိုမ်းတို့ ယှဉ်ပြိုင်နေစဉ်။

| စဉ် | နိုင်ငံ | ရွှေ | ငွေ | ကြေး | ပေါင်း |
|---|---|---|---|---|---|
| ၁။ | မြန်မာ | ၄ | ၂ | - | ၆ |
| ၂။ | အိန္ဒိယ | - | ၂ | ၄ | ၆ |
| ၃။ | ထိုင်း | - | - | - | - |
| ၄။ | မလေးရှား | - | - | - | - |
| ၅။ | တရုတ် | - | - | - | - |
| ၆။ | သီရိလင်္ကာ | - | - | - | - |

## ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ပညာပေးဟောပြောပွဲ ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၁၂**

ရန်ကုန်တိုင်း သာကေတမြို့နယ် ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ပညာပေးဟောပြောပွဲကို ဒီဇင်ဘာ ၄ ရက် နံနက် ၉ နာရီက သာကေတမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း မြဝတီဆောင်၌ ကျင်းပသည်။

အခမ်းအနားကို သာကေတမြို့နယ် ကျန်းမာရေးဦးစီးဌာနနှင့် ခုခံအားကာလသားရောဂါ တိုက်ဖျက်ရေးအဖွဲ့တို့ ပူးပေါင်းကျင်းပခြင်းဖြစ်ပြီး မြို့နယ်ဆရာဝန်ကြီး ဒေါက်တာဒေါ်ခင်သန်းအေး၊ ခုခံအားကျဆင်းမှုကာလသားရောဂါ တိုက်ဖျက်ရေးအဖွဲ့ ခေါင်းဆောင် ဒေါက်တာဝင်းကိုဦး **(အောက်ပုံ)**နှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်ဝင်းတင်တို့က ပညာပေးဟောပြောကြသည်။

ထို့နောက် ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့ စာစီစာကုံးပြိုင်ပွဲ ပထမဆုရ မသီရိထွဋ်အောင်အား မြို့နယ်ဆရာဝန်ကြီး ဒေါက်တာ ဒေါ်ခင်သန်းအေးကလည်းကောင်း၊ ဒုတိယဆုရ မအေးချမ်းသန့်စင်အား ဒေါက်တာဝင်းမြင့်သူကလည်းကောင်း၊ တတိယဆုရ မမီမီအောင်အား ရဲအုပ်စိုးမိုးကျော်ကလည်းကောင်း ဆုများ အသီးသီး ပေးအပ်ချီးမြှင့်ကြသည်။ (ကြေးမုံ)




## ရန်ကုန်တက္ကသိုလ် ဥပဒေပညာဌာန အာစရိယပူဇော်ပွဲ ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၁၂**

ရန်ကုန်တက္ကသိုလ် ဥပဒေပညာဌာန ၁၉၈၂ မှ ၁၉၈၈ (၉၁) ပညာသင်နှစ် ဥပဒေဘွဲ့ရ ကျောင်းသား၊ ကျောင်းသူများ၏ တတိယအကြိမ် အာစရိယပူဇော်ပွဲ ဖြစ်မြောက်ရေး ကော်မတီ ညှိနှိုင်းအစည်းအဝေးကို ဒီဇင်ဘာ ၇ရက်နံနက်ပိုင်းက ရန်ကုန်မြို့ ဗဟန်းမြို့နယ် နတ်မောက်လမ်း မြေပဒေသာကျွန်း(Dolphin) စားသောက်ဆိုင်ခန်းမ၌ ကျင်းပရာ အဆိုပါ အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၂၇ ရက် နံနက် ၉ နာရီတွင် တက္ကသိုလ်များမေတ္တာရုံ ရန်ကုန်မြို့၌ ကျင်းပမည် ဖြစ်ကြောင်း ဆွေးနွေးညှိနှိုင်း ဆုံးဖြတ်သည်။

အလှူငွေများကို ဥက္ကဋ္ဌ ဦးဘတင့်ဆွေ ဖုန်း- ၇၂၂၄၇၄၊ အတွင်းရေးမှူး ဦးခင်မောင်မြင့် ဖုန်း- ၃၈၉၆၅၁ (ရုံး)၊ မန္တလေးမှ ဒေါ်တင်တင်ဝါ ဖုန်း-၀၉-၅၀-၁၈၇၄၀၊ ဒေါက်တာတင်ဒွေးအိ ဖုန်း- ၀၉-၅၀-၀၅၀၃၉၊ (နေပြည်တော်ပျဉ်းမနား) ဦးလှဝင်း ဖုန်း-၀၆၇-၂၂၀၆၂၊ (တောင်ကြီး) ဦးသောင်းနိုင် ဖုန်း-၀၃၄-၃၂၀၉၆၊ (တောင်ငူ) ဒေါက်တာခင်ချစ်ချစ် ဖုန်း-၉၀-၅၃-၅၀၉၅၈ နှင့် ဦးမြင့်ဦး ဖုန်း-၀၅၄-၂၄၄၁၇၊ (ပဲခူး)ဦးစိုးလွင် ဖုန်း-၀၉-၅၃-၀၀၅၄၆၊(ပေါင်းတည်) ဒေါ်သဇင်စိုး ဖုန်း-၀၅၇-၄၀၀၁၉ တို့ အပြင် ဦးတင်ဝင်းလှိုင် ဖုန်း- ၀၉-၅၁-၁၃၈၃၃၊ ဒေါ်ခင်သင်းဝေ ဖုန်း-၀၉-၅၁-၄၄၈၁၂၊ ဒေါ်နှင်းနှင်းအေး ဖုန်း-၀၉-၅၁-၈၉၄၃၈၊ (ပြည်)ဦးဝင်းရွှေ ဖုန်း-၀၅၃-၂၁၄၄၆၊ ဒေါ်ဝေဝေမြင့်နှင့် ဒေါ်ခင်ဆွေဦး ဖုန်း-၀၉-၅၀-၁၇၀၇၆၊ ဒေါ်နီလာထွန်း ဖုန်း-၀၉-၉၉-၂၀၂၁၀ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)



## ကွဲသလင်းကျေးရွာ စာကြည့်တိုက်ဖွင့်ပွဲနှင့် အလှူငွေပေးအပ်

**ရန်ကုန် ဒီဇင်ဘာ ၁၂**

ရန်ကုန်တောင်ပိုင်းခရိုင် တွံတေးမြို့နယ် သဝန်းတောကျေးရွာအုပ်စု ကွဲသလင်းကျေးရွာ ပညာအလင်းစာကြည့်တိုက် အဆောက်အအုံသစ် ဖွင့်ပွဲနှင့် ငွေပဒေသာပင်၊ စာအုပ်များလှူဒါန်းပွဲကို ဒီဇင်ဘာ ၁၀ ရက် နံနက် ၉နာရီတွင် အဆိုပါစာကြည့်တိုက်၌ ကျင်းပရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရန်ကုန်တိုင်း လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်၊ မြို့နယ်ဦးစီးမှူး ဦးအေးသောင်းနှင့် ကျေးရွာစာကြည့်တိုက်ကော်မတီ နာယက ဦးဝင်းမြင့်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

အခမ်းအနားတွင် အလှူရှင်များက စာကြည့်တိုက်ငွေပဒေသာပင်အတွက် ငွေကျပ် ၅၈၀၀၀၀ နှင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းသည်။ ထို့နောက် လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်နှင့်ခရိုင်ဦးစီးအရာရှိ ဦးစန်းလွင်ဦးတို့က စာကြည့်တိုက်များ ရေရှည်ခိုင်မာရှင်သန်ဖွံ့ဖြိုးရေး လုပ်ငန်းများကို ရှင်းလင်းပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## ကျိုက္ခမီအသင်း(ရန်ကုန်) သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲ ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၁၂**

ကျိုက္ခမီအသင်း(ရန်ကုန်)၏ (၁၇)ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၁၁ ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီခွဲတွင် လမ်းမတော်မြို့နယ် သရက်တောကျောင်းတိုက်ဝင်း ကျိုက္ခမီကျောင်းတိုက်၌ ကျင်းပမည်ဖြစ်ရာ အသင်းဝင်များ၊ မြို့နယ်သူ၊ မြို့နယ်သားများ ကြွရောက်ကြပါရန်နှင့် အသက် ၇၅ နှစ်ပြည့် လူကြီးမိဘများ၊ ၂၀၀၈ ခုနှစ် တက္ကသိုလ်ဝင်တန်း၌ ဂုဏ်ထူးရကျောင်းသား၊ ကျောင်းသူများ၏ အမည်စာရင်းကို နာယကဒေါ်ခင်ရီ ဖုန်း-၂၅၃၄၄၀၊ ဥက္ကဋ္ဌ ဦးအောင်ထွန်း ဖုန်း-၀၉၅၀၈၀၁၆၇၊ ဦးလွင်သိန်း ဖုန်း-၇၀၃၈၂၃၊ အတွင်းရေးမှူး ဦးမြသောင်း ဖုန်း-၇၀၀၂၃၃ တို့သို့ ဒီဇင်ဘာ ၃၁ရက် နောက်ဆုံးထား ပေးပို့နိုင်ကြောင်း သိရသည်။ (ကြေးမုံ)



## အောင်စစ်သည်ဆု

**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ အောင်စစ်သည်ဆုရရှိသူ ဗိုလ်လောင်း ဟန်ဇော်ထွန်း အား ဆုချီးမြှင့်စဉ်။** (သတင်းစဉ်)



## လေ့ကျင့်ရေးထူးချွန်ဆု

**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ လေ့ကျင့်ရေးထူးချွန်ဆုရရှိသူ ဗိုလ်လောင်း မြင့်သူစိုး အား ဆုချီးမြှင့်စဉ်။** (သတင်းစဉ်)



## စာပေထူးချွန်(သိပ္ပံ)ဆု

**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ စာပေထူးချွန်(သိပ္ပံ)ဆုရရှိသူ ဗိုလ်လောင်း ပိုင်သူထက် အား ဆုချီးမြှင့်စဉ်။** (သတင်းစဉ်)



## စာပေထူးချွန်(ကွန်

**တပ်မတော်ကာကွယ်ရေးဦး သန်းရွှေ စာပေထူးချွန်(ကွန် ဗိုလ်လောင်း ကျော်ပိုင်အား ဆု**

**❁ ကျောဖုံးမှ**

အရာရှိချုပ် ဗိုလ်ချုပ်သိန်းထိုက်၊ စစ်ရာထူးခန့်ချုပ် ဗိုလ်ချုပ်ဆန်းဆင့်၊ စစ်ဥပဒေချုပ် ဗိုလ်ချုပ်စိုးမောင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်လှိုင်၊ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်ချုပ်လှဋ္ဌေးဝင်း၊ တပ်မတော်စစ်ဆေးရေးနှင့် စာရင်းစစ်ချုပ်(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်မောင်ရှိန်၊ အရှေ့မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုး၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်တင်ငွေ၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများဖြစ်ကြသည့် ဗိုလ်ချုပ်ဋ္ဌေးဦး၊ ဦးအောင်သောင်း၊ ဦးသောင်း၊ ဗိုလ်မှူးကြီးဇော်မင်း၊ ဗိုလ်မှူးချုပ်သိန်းဇော်၊ ဗိုလ်မှူးချုပ်လွန်းသီ၊ ဒေါက်တာချမ်းငြိမ်းနှင့် ဗိုလ်မှူးချုပ်သိန်းအောင်၊ ဒုတိယတပ်မတော်လေ့ကျင့်ရေးအရာရှိချုပ်များဖြစ်ကြသည့် ဗိုလ်ချုပ်ဇော်ဝင်း၊ ဗိုလ်မှူးချုပ်သိုးထိန်း၊ ညွှန်ကြားရေးမှူးများဖြစ်ကြသည့် ဗိုလ်ချုပ်မြဝင်း၊ ဗိုလ်ချုပ်တင်စိုး၊ ဗိုလ်မှူးချုပ်ကျော်ညွန့်၊ ဗိုလ်မှူးချုပ်မောင်မောင်အုန်း၊ ဗိုလ်ချုပ်ခင်မောင်တင့်၊ ဗိုလ်ချုပ်လှိုင်မြင့်၊ ဗိုလ်မှူးချုပ်ဉာဏ်ထွန်း၊ ဗိုလ်ချုပ်သန်းဋ္ဌေးနှင့် တပ်မတော်အရာရှိကြီးများ၊ ပြင်ဦးလွင်တပ်နယ်မှူး ဗိုလ်မှူးချုပ်ဇေယျာအောင်၊ မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ် ဖုန်းဇော်ဟန်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားသံရုံးများမှ စစ်သံမှူးများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဖိတ်ကြားထားသော ကျောင်းဆင်း ဗိုလ်လောင်းများ၏ မိဘဆွေမျိုးများနှင့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် စစ်တက္ကသိုလ် ဗိုလ်လောင်းတပ်ရင်းများ၏ အလေးပြုခြင်းကို ခံယူသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ဗိုလ်လောင်းတပ်ရင်းများအား စစ်ဆေးသည်။

ယင်းနောက် ကျောင်းဆင်းဗိုလ်လောင်းတပ်ရင်းက တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား အနှေးလျှောက်၊ အမြန်လျှောက်တို့ဖြင့် ချီတက်အလေးပြုသည်။

ထို့နောက် တပ်မတော်ကာကွယ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၅ ဗိုလ်လောင်းအမှတ်(၂၁၉၄၅) ဗိုလ်လေ ရေး ထူးချွန်ဆုရရှိသူ ဗိုလ်လောင်း မြင့်သူစိုး၊ စာပေထူးချွန် (သိပ္ပံ)ဆုရရှိသ ဗိုလ်လောင်းပိုင်သူထက်နှင့် စာပေထူ ဗိုလ်လောင်းအမှတ်(၂၀၉၀၂) ဗိုလ်လေ ပေးအပ်ချီးမြှင့်သည်။



**စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၅၁) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနားသို့ တက်ရောက်လာကြသူများအား တွေ့ရစဉ်။**

(သတင်းစဉ်)

## အမျိုးသားကန်တော်ကြီးဥယျာဉ်( ပြင်ဦးလွင် ) အပန်းဖြေသူမ

နေပြည်တော် ဒီဇင်ဘာ ၁၂

**အမျိုးသားကန်တော်ကြီးဥယျာဉ် (ပြင်ဦးလွင်)၏ (၇၇)နှစ်မြောက်မွေးနေ့၊ အမျိုးသားအထိမ်းအမှတ် ခေတ်မီကလေးကစားကွင်း ဖွင့်ပွဲနှင့် တတိယအကြိမ်မြောက် ပန်းပွဲတော် အခမ်းအနားအစီအစဉ်များကို သစ်တောရေးရာဝန်ကြီးဌာန၏ စီမံဆောင်ရွက်မှုဖြင့် ဖွင့်လှစ်လျက်ရှိရာ လာရောက်အပန်းဖြေသူများဖြင့်**

**စည်ကား**

အမျိုးသား အထိမ်းအမှတ် ဥယျာဉ်အတွင်း ဖွင့်လှစ်ထားသည့် ကလေးကစားကွင်း၌ တိုက်ကား မောင်းသူ၊ INDOOR GAME ကစားသူ ကလေးငယ်များဖြင့် စည်ကားလျက်ရှိပြီး ပြည်နယ်၊ တိုင်း အသီးသီး၏ ထင်ရှားသော အထိမ်းအမှတ်များဖြင့် စိမ်းလန်း သာယာလျက်ရှိသော အမျိုးသား အထိမ်းအမှတ်ဥယျာဉ်အတွင်း၌လည်း







## စာပေထူးချွန်(ကွန်ပျူတာသိပ္ပံ)ဆု

**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ စာပေထူးချွန်(ကွန်ပျူတာသိပ္ပံ)ဆု ရရှိသူ ဗိုလ်လောင်း ကျော်ပိုင်အား ဆုချီးမြှင့်စဉ်။** (သတင်းစဉ်)

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၅၁)မှ အောင်စစ်သည်ဆုရရှိသူ ဗိုလ်လောင်းအမှတ်(၂၁၉၄၅) ဗိုလ်လောင်း ဟန်ဇော်ထွန်း၊ လေ့ကျင့်ရေး ထူးချွန်ဆုရရှိသူ ဗိုလ်လောင်းအမှတ်(၂၁၆၁၀) ဗိုလ်လောင်း မြင့်သူစိုး၊ စာပေထူးချွန် (သိပ္ပံ)ဆုရရှိသူ ဗိုလ်လောင်းအမှတ်(၂၁၄၀၀) ဗိုလ်လောင်းပိုင်သူထက်နှင့် စာပေထူးချွန်(ကွန်ပျူတာသိပ္ပံ)ဆုရရှိသူ ဗိုလ်လောင်းအမှတ်(၂၀၉၀၂) ဗိုလ်လောင်းကျော်ပိုင်တို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။



**တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ စစ်တက္ကသိုလ်ကျောင်း ဌာနချုပ်ဧည့်ခန်းမ၌ ထူးချွန်ဆုရရှိကြသည့် ဗိုလ်လောင်းလေးဦးနှင့် မိဘများအား တွေ့ဆုံ၍ အားပေးစကား ပြောကြားစဉ်။** (သတင်းစဉ်)

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ဗိုလ်လောင်းတပ်ရင်းများအား မိန့်ခွန်းပြောကြားသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ဗိုလ်လောင်းတပ်ရင်းများ၏ အလေးပြုခြင်းကို ခံယူပြီးနောက် စစ်ရေးပြအခမ်းအနားမှ ပြန်လည်ထွက်ခွာသွားသည်။

စစ်ရေးပြအခမ်းအနားအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် စစ်တက္ကသိုလ်ကျောင်းဌာနချုပ် ဧည့်ခန်းမ၌ ထူးချွန်ဆုရရှိကြသည့် ဗိုလ်လောင်းလေးဦးနှင့် ယင်းတို့၏ မိဘများအား တွေ့ဆုံ၍ အားပေးစကားပြောကြားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



## ...ပြင်ဦးလွင်) အပန်းဖြေသူများဖြင့် စည်ကား

...ဒီဇင်ဘာ ၁၂

**...)နှစ်မြောက်မွေးနေ့၊ အမျိုးသားအထိမ်းအမှတ်ဥယျာဉ် (၂)နှစ်မြောက်မွေးနေ့ ... ပန်းပွဲတော် အခမ်းအနားအစီအစဉ်များကို ဒီဇင်ဘာ ၁၁ ရက်မှ စတင်၍ ...လျက်ရှိရာ လာရောက်အပန်းဖြေသူများဖြင့် စည်ကားလျက်ရှိသည်။**

...ကား ...AME ...ားဖြင့် ...ည်နှယ်၊ တိုင်း အသီးသီး၏ ထင်ရှားသော အထိမ်းအမှတ်များဖြင့် စိမ်းလန်းသာယာလျက်ရှိသော အမျိုးသား အထိမ်းအမှတ်ဥယျာဉ်အတွင်း၌လည်း ဗဟုသုတရှာမှီးသူ၊ အပန်းဖြေသူများဖြင့် စည်ကားလျက်ရှိသည်။

အမျိုးသားကန်တော်ကြီးဥယျာဉ်အတွင်း ရှုရပ်ပလာဇာ၌ ဒီဇိုင်းအလှ ပုံဖော်ထားသည့် ဝက်ဝံရုပ်များနှင့် ခရစ္စမတ်သစ်ပင်၊ စနိုးမန်း၊ နဂါးနှစ်ကောင်၊ လေယာဉ်ပျံ၊ သင်္ဘောစသည့် ရုပ်တုများနှင့် ရေပန်းအလှပသာဒများ ခံစားရင်း မိသားစုအလိုက် အပန်းဖြေသူ၊ အမှတ်တရ ဓာတ်ပုံရိုက်သူများဖြင့် ကြိတ်ကြိတ်တိုး စည်ကားလျက်ရှိသည်။

### ပန်းပွဲတော်

တတိယအကြိမ်မြောက် ပန်းပွဲတော်ကိုလည်း ပြည်တွင်း၊ ပြည်ပ ပန်းပွင့်ပေါင်း ခုနစ်သန်းကျော်ဖြင့် ယခင်နှစ်များနှင့်မတူ ပိုမိုထူးခြားလှပစွာ ခင်းကျင်းပုံဖော်ပြသထားရာ ပန်းပေါင်းစုံတို့၏ ထုံသင်းသောမွှေးရနံ့ကို ရှူရှိုက်ရင်း မျက်စိအလှပသာဒ ရှုမြင်ခံစားသူ ပြည်သူများ၊ အမှတ်တရ ဓာတ်ပုံရိုက်ကြသူများဖြင့် စည်ကားလျက်ရှိသည်။

### ကျင်းပမည်

ဂီတဖျော်ဖြေပွဲများ အနေဖြင့် အမျိုးသားအထိမ်းအမှတ် ဥယျာဉ်ရှိ ပြည်ထောင်စုရင်ပြင်၌ မန္တလေးမြို့မ တေးဂီတအဖွဲ့က လည်းကောင်း၊ နန်းမြင့်မျှော်စင်အနီးရှိ ဂီတပွဲတော်စင်မြင့်၌ နာမည်ကြီး တီးဝိုင်းများ၊ အဆိုတော်များက လည်းကောင်း သီဆိုဖျော်ဖြေလျက်ရှိကြရာ ဂီတမြတ်နိုးသူ လူငယ်များဖြင့် အထူးစည်ကားလျက်ရှိပြီး ဂီတပွဲတော်များကို ဒီဇင်ဘာ ၁၃ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## စည်ကားလျက်ရှိ

**ပြင်ဦးလွင် အမျိုးသား ကန်တော်ကြီးဥယျာဉ်အတွင်း လာရောက်အပန်းဖြေသူများဖြင့် စည်ကားလျက်ရှိစဉ်။** (အောက်ပုံများ)

(သတင်းစဉ်)







# ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း နှစ်ထပ်ကျောင်းဆောင်သစ် ဖွင့်ပွဲအခမ်းအနားတက်ရောက်

ရန်ကုန် ဒီဇင်ဘာ ၁၂

**ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါတို့သည် ယနေ့နံနက်က သင်္ဃန်းကျွန်းမြို့နယ် ရန်ကုန်သစ်ရပ်ကွက်ရှိ အမှတ်(၇) အခြေခံပညာမူလတန်းလွန်ကျောင်း၌ အင်ဂျင်နီယာဌာန(အဆောက်အအုံ)၌ နည်းပညာပံ့ပိုးမှု၊ စင်ကာပူသမ္မတနိုင်ငံ ကြက်ခြေနီအသင်းနှင့် မန်ဖုတောင်လူမှုရေးအဖွဲ့တို့ ပူးပေါင်းဆောက်လုပ်လှူဒါန်းသည့် နှစ်ထပ်ကျောင်းဆောင်သစ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ဂုဏ်ပြုအားပေးသည်။**

အစီအစဉ်အရ အခမ်းအနားဖွင့်ပွဲကျင်းပရာ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ၊ ပြည်ထောင်စုမြန်မာနိုင်ငံဆိုင်ရာ စင်ကာပူသံအမတ်ကြီး Mr.Robert Chua၊ အမှတ်(၃) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးကြူ၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းချုပ်ဥက္ကဋ္ဌ ဒေါက်တာသာလှရွှေ၊ စင်ကာပူသမ္မတနိုင်ငံ ကြက်ခြေနီအသင်းဥက္ကဋ္ဌ Mr.Tee Tua Ba၊ မန်ဖုတောင်လူမှုရေးအဖွဲ့ဥက္ကဋ္ဌ Mr.Terence Tan တို့က ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ နှစ်ထပ်ကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနားကို ကျင်းပရာ မြို့တော်ဝန်က အမှာစကားပြောကြားပြီး စင်ကာပူ သမ္မတနိုင်ငံ သံအမတ်ကြီး၊ စင်ကာပူ သမ္မတနိုင်ငံ ကြက်ခြေနီအသင်းဥက္ကဋ္ဌနှင့် မန်ဖုတောင် လူမှုရေးအဖွဲ့ဥက္ကဋ္ဌတို့က နှုတ်ခွန်းဆက် အမှာစကားများ ပြောကြားကြသည်။

ယင်းနောက် စင်ကာပူ သမ္မတနိုင်ငံ သံအမတ်ကြီး၊ စင်ကာပူသမ္မတနိုင်ငံ ကြက်ခြေနီအသင်းနှင့် မန်ဖုတောင် လူမှုရေးအဖွဲ့တို့မှ ဥက္ကဋ္ဌတို့က မြို့တော်ဝန်ထံ အမေရိကန်ဒေါ်လာ ၁၈၀၀၀၀(ဒေါ်လာတစ်သိန်းရှစ်သောင်း)ကို ပေးအပ်လှူဒါန်းကာ မြို့တော်ဝန်က ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

အဆိုပါ ကျောင်းဆောင်သစ်သည် Streel Structure အမျိုးအစား နှစ်ထပ်ကျောင်းဆောင်သစ် ဖြစ်ပြီး အလျားပေ ၁၆၀×အနံပေ ၃၀ ရှိကြောင်းသိရသည်။

(၁၉)

**မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း အမှတ်(၇) အခြေခံပညာမူလတန်းလွန်ကျောင်းကို ဖဲကြိုးဖြတ် ဖွင့်လှစ်စဉ်။** (၁၉)





## ရန်ကုန်တိုင်းအတွင်းရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင် သား၊ သမီးများ ထောက်ပံ့ငွေပေးအပ်ပွဲနှင့် ပုံမှန်အစည်းအဝေးကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၁၂**

ရန်ကုန်တိုင်း(စည်ပင်ပြင်ပ)စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ ကွပ်ကဲမှုအောက်ရှိ မြို့နယ် ၁၂မြို့နယ်မှ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၏ သား၊သမီးများအတွက် ၂၀၀၈ပညာသင်နှစ်တွင် ပညာသင်ကြားလျက်ရှိသော မူလတန်း၊ အလယ်တန်း၊ အထက်တန်း ကျောင်းသား၊ ကျောင်းသူများအား ထောက်ပံ့ငွေပေးအပ်ပွဲ အခမ်းအနားနှင့် လစဉ်ပုံမှန်အစည်းအဝေးကို ဒီဇင်ဘာ၂ရက်နံနက် ၁၀နာရီတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။ အဆိုပါအခမ်းအနားသို့ ရန်ကုန်တိုင်း(စည်ပင်ပြင်ပ) စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ ဒုတိယဗိုလ်မှူးကြီးမျိုးနိုင် တက်ရောက်ပြီး ထောက်ပံ့ငွေများ ပေးအပ်သည်။ **(ယာပုံ)**

အခမ်းအနားအစီအစဉ်အရ ဒုတိယဗိုလ်မှူးကြီးမျိုးနိုင်က အဖွင့်အမှာစကားပြောကြားသည်။ ဆက်လက်၍ ထောက်ပံ့ငွေပေးအပ်ခြင်း အစီအစဉ်အရ ကွပ်ကဲမှုအောက် မြို့နယ်၁၂မြို့နယ်ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၏ သား၊ သမီး၊ ကျောင်းသား၊ ကျောင်းသူ ၁၁၃၄ ဦးအတွက် ပညာသင်ထောက်ပံ့ငွေကျပ် ၃၈သိန်းကိုလည်းကောင်း၊ တိုက်ကြီးမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ဝင် တပ်သားရန်နိုင်ဦး(အငြိမ်းစား)အတွက် ထောက်ပံ့ငွေကျပ်နှစ်သိန်းခြောက်သောင်း ကိုလည်းကောင်း ဒုတိယဗိုလ်မှူးကြီးမျိုးနိုင်က ပေးအပ်သည်။ ဆက်လက်၍ အစီအစဉ်အရ မြို့နယ်ဥက္ကဋ္ဌများက ဆွေးနွေးတင်ပြကြပြီး ဒုတိယဗိုလ်မှူးကြီးမျိုးနိုင်က နိဂုံးချုပ်အမှာစကား ပြောကြားသည်။

(စစ်မှုထမ်းဟောင်း)



## မိုးစပါး စံကွက်ရိတ်သိမ်း

**ရန်ကုန် ဒီဇင်ဘာ ၁၂**

ပဲခူးတိုင်း(အနောက်ပိုင်း) သာယာဝတီခရိုင် မြေစာရင်းဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးစောဝင်း ဦးဆောင်၍ မိုးညိုမြို့နယ် ညောင်ဝိုင်းကျေးရွာအုပ်စု ကွင်းအမှတ်(၆၇) ငှက်ပျောတုံးအရှေ့ကွင်း ဦးပိုင်အမှတ် N-7 တောင်သူဦးဟန်စိန်၏ မိုးစပါးအင်းမရဲဘော် စပါးစိုက်ခင်းကို ဒီဇင်ဘာ ၆ ရက်က စံကွက်ရိတ်သိမ်းရာ တစ်ဧကလျှင် ၇၁ဒသမ ၉၉တင်းနှုန်း ထွက်ရှိကြောင်း သိရှိရသည်။ စံကွက်ရိတ်သိမ်းရာသို့ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဝေမောင်၊ မြို့နယ်မြေစာရင်း ဦးစီးဌာနမှူး ဦးလှဌေး၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မြို့နယ်မန်နေဂျာ ဦးခင်မောင်ရင်နှင့် မြေစာရင်းဌာန မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းတို့မှ ဝန်ထမ်းများက ကြီးကြပ်ဆောင်ရွက်ကြကြောင်း သိရှိရသည်။

(မြို့နယ်ပြန်/ဆက်)

## ကြေးမုံ The Mirror ပြည်သူ့ထံမှ ပေးစာများ

### လက်ဖက်ရည်ဆိုင်မှ အသံချဲ့စက်ဖွင့်သံ နားမခံသာ

**စာတည်းခင်ဗျား-**

ရန်ကုန်မြို့ ဒဂုံမြို့သစ်(တောင်ပိုင်း) (၁၉)ရပ်ကွက် ကျန်းမာရေးမှတ်တိုင်အနီး စည်ပင်လမ်းနှင့် မြရည်နန္ဒာလမ်းထောင့်ရှိ ကျူးကျော်လက်ဖက်ရည်ဆိုင်သည် နံနက်ပိုင်းမှ ညပိုင်းအထိ နေ့စဉ် သီချင်း၊ ဘောလုံးပွဲ၊ ဗီဒီယိုဇာတ်လမ်းများကို အသံချဲ့စက်ဖြင့် ကျယ်လောင်စွာဖွင့်လှစ်ပြသနေပါ၍ ပတ်ဝန်းကျင်တွင် နေထိုင်သူများ စိတ်အနှောင့်အယှက် ဖြစ်နေကြရပါသည်။

သို့ဖြစ်ပါ၍ စိစစ်ကြပ်မတ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

**စည်ပင်လမ်းသားများ**

### ပတ်ဝန်းကျင်သန့်ရှင်းရေး ဆောင်ရွက်ပေးစေလို

**စာတည်းခင်ဗျား-**

ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ် သီတာရပ်ကွက် ကုက္ကိုလမ်းအတွင်းနှင့် ကမ်းနားလမ်းထောင့်တို့တွင် ဈေးရောင်းချနေသူများသည် အမှိုက်သရိုက်နှင့် စွန့်ပစ်ပစ္စည်းများ စည်းကမ်းမဲ့စွန့်ပစ်လျက်ရှိကြရာ ပတ်ဝန်းကျင် ညစ်ညမ်းစေသဖြင့် စိစစ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

**ကုက္ကိုလမ်းသူ၊ လမ်းသားများ**

### ရေစီးရေလာ ကောင်းမွန်စေချင်

**စာတည်းရှင့်-**

ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် သံတံတားလမ်းနှင့် ဇလွန်လမ်း နောက်ဖေးလမ်းကြားရှိ ရေမြောင်းများမှာ ပိတ်ဆို့ပြီး ရေစီးဆင်းခြင်း လုံးဝမရှိပါ။ အနံ့ဆိုးများ ထွက်နေပြီး ခြင်များ ပေါက်ပွားနေပါသဖြင့် သွေးလွန်တုပ်ကွေးရောဂါ ဖြစ်နိုင်ပါသည်။

သို့ဖြစ်ပါ၍ ရေစီးရေလာကောင်းမွန်ရေးဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။ **စမ်းချောင်းသူ**

### သောက်သုံးရေကန်အနီးမှ သားငါးဈေး အနံ့ဆိုးနံ့

**စာတည်းရှင့်-**

ပဲခူးတိုင်း ပဲခူးမြို့နယ် ပုဏ္ဏားစုရပ်ကွက် မှော်ကန် ၉ လမ်း အနီးရှိ သောက်သုံး ရေကန်ကြီးဘေးတွင် သားငါးများ ကျူးကျော်ရောင်းချလျက်ရှိရာ အနံ့ဆိုးများကို ပတ်ဝန်းကျင်နေသူများ နေ့စဉ် ရှူရှိုက်နေရပါသဖြင့် လိုအပ်သလို စိစစ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

**သန့်ရှင်းလိုသူ**

### ထုထည်ကြီးမားသံထည်များ ထုရိုက်သံ ဆူညံ

**စာတည်းခင်ဗျား-**

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် အမှတ်(၂)ရပ်ကွက် ရန်ကုန်-အင်းစိန်လမ်းမကြီးနှင့် ပေါ်တော်မူ(၁)လမ်းထိပ်တွင် ထုထည်ကြီးမားသော သံထည်ပစ္စည်းဟောင်းများကို ထုရိုက်အပြားခတ်ပြီး သံပြားကြီးများအား ဂက်(စ်)အိုးကာဘိုက်များဖြင့် နေ့စဉ် ဖြတ်တောက်လုပ်ကိုင်လျက်ရှိရာ သံပြားဖြတ်သည့် ညှော်နံ့နှင့် ထုရိုက်သံများကြောင့် ပတ်ဝန်းကျင်နေသူများ စိတ်အနှောင့်အယှက်ဖြစ်နေကြရပါသည်။ ထို့အပြင် ထုထည်ကြီးမားသော သံထည်ပစ္စည်းများကို လူသွားစင်္ကြံပေါ်တွင် စုပုံထားခြင်းကြောင့် လမ်းသွားလမ်းလာများ ကောင်းစွာသွားလာ၍မရပါ။

သို့ဖြစ်ပါ၍ အဆိုပါလုပ်ငန်းအား သင့်တော်သည့်နေရာသို့ ပြောင်းရွှေ့ပေးပါရန် တင်ပြအပ်ပါသည်။

**လမ်းသူ၊ လမ်းသားများ**

### အနံ့ဆိုးကြောင့် ကျန်းမာရေးထိခိုက်

**စာတည်းခင်ဗျား-**

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် သိမ်ဇရပ်ကျေးရွာအုပ်စု အောင်မင်္ဂလာရပ်ကွက် အောင်သုခလမ်း၌ ငါးပိလုပ်ငန်း လုပ်ကိုင်လျက်ရှိရာ ၎င်းလုပ်ငန်းမှထွက်ရှိသော အနံ့ဆိုးများကြောင့် လမ်းသူ၊ လမ်းသားများ ကျန်းမာရေး ထိခိုက်စေပါသည်။

သို့ဖြစ်ပါ၍ ငါးပိပုပ်နံ့မနံစေရေး စိစစ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

**ငါးပိနံ့မခံနိုင်သူ**

### ပြည်သူ့ထံမှ ပေးစာများ ပေးပို့လိုပါလျှင်

**ပြည်သူ့ထံမှပေးစာ ကဏ္ဍသို့ ပေးပို့လိုပါက ပေးပို့သူ၏ အမည်၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ နေရပ်လိပ်စာ အပြည့်အစုံ ရေးသားဖော်ပြ၍ ပြည်သူ့ထံမှပေးစာကဏ္ဍ၊ ကြေးမုံသတင်းစာတိုက်၊ အမှတ်(၇၇)၊ (၅၂)လမ်း (မဟာဗန္ဓုလလမ်းထောင့်)၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူပေးပို့နိုင်ပါသည်။**

### မိလ္လာအနံ့ဆိုး ဖြေရှင်းပေးပါ

**စာတည်းရှင့်-**

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် အမှတ်(၉)ရပ်ကွက် ကမ္ဘာအေးစေတီလမ်း ကားမှတ်တိုင်အနီးရှိ စီမံကိန်းတိုက် အမှတ်(၈) ခုနစ်ထပ်တွင် နေထိုင်သူများသည် မိမိတို့အသုံးပြုသော အိမ်သာမိလ္လာကန်ပြည့်လျှံနေသဖြင့် ဖောက်ချထားရာ အညာစုလမ်းအတွင်း ရေမြောင်းထဲသို့ စီးဆင်းနေပါသည်။

အဆိုပါ မိလ္လာအနံ့ဆိုးများကို နေ့စဉ် ရှူရှိုက်နေရသောကြောင့် ပတ်ဝန်းကျင်နေသူများ ကျန်းမာရေး ထိခိုက်နေပါသည်။

သို့ဖြစ်ပါ၍ မိလ္လာအနံ့ဆိုးများ ထွက်ပေါ်နေမှုကို စိစစ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

**ရပ်ကွက်သူတစ်ဦး**

### ကျူးကျော်အဆောက်အအုံ ရှင်းလင်းပြီးစီး

၈-၁၁-၂၀၀၈ ရက်နေ့ထုတ် ကြေးမုံသတင်းစာပါ တောင်ဥက္ကလာပမြို့နယ် ၇ ရပ်ကွက် သီရိဇေယျာလမ်းမပေါ်ရှိ **ကျူးကျော်အဆောက်အအုံ ဆူညံမှုမျိုးစုံ** ပေးစာနှင့် စပ်လျဉ်း၍ ရှင်းလင်းဆောင်ရွက်ပြီးဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။

**မြို့တော်စည်ပင်**



## အင်ဒိုနီးရှားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဟောင်း ကွယ်လွန်ခြင်းအတွက် ဝမ်းနည်းကြောင်း လက်မှတ်ရေးထိုး

**ရန်ကုန်  ဒီဇင်ဘာ  ၁၂**

နိုင်ငံခြားရေးဝန်ကြီးဌာန လေ့ကျင့်ရေး၊ သုတေသနနှင့် ဘာသာစကားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးပေါ်လွင်စိန်သည် ယနေ့ မွန်းလွဲ ၂နာရီ ၄၅ မိနစ်တွင် အမှတ်(၁၇) မင်းရဲကျော်စွာလမ်း အလုံမြို့နယ် ရန်ကုန်မြို့ရှိ Indonesian House သို့သွားရောက်၍ အင်ဒိုနီးရှားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဟောင်း H.E. Mr. Ali Alatas ကွယ်လွန်ခြင်းအတွက် ဖွင့်လှစ်ထားသည့် ဝမ်းနည်းကြောင်း အထိမ်းအမှတ်စာအုပ်၌ လက်မှတ်ရေးထိုးသည်။ **(ဝဲပုံ)** (သတင်းစဉ်)

## ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ Head of the Russian Orthodox Church Patriarch Alexis II ကွယ်လွန်ခြင်းအတွက် ဝမ်းနည်းကြောင်း လက်မှတ်ရေးထိုး

**ရန်ကုန်  ဒီဇင်ဘာ  ၁၂**

နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိုးဝင်းသည် ယနေ့မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ရှိ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံရုံးသို့ သွားရောက်၍ ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ Head of the Russian Orthodox Church Patriarch Alexis II ကွယ်လွန်ခြင်းအတွက် ဖွင့်လှစ်ထားသည့် ဝမ်းနည်းကြောင်း အထိမ်းအမှတ်စာအုပ်၌ လက်မှတ်ရေးထိုးသည်။ **(ယာပုံ)** (သတင်းစဉ်)



## မြန်မာနိုင်ငံ အရှေ့မြောက်ပိုင်း ညအပူချိန်လျော့နည်းနိုင်

ရန်ကုန်  ဒီဇင်ဘာ  ၁၂

**ယနေ့နံနက် ၉နာရီခွဲအချိန်ထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်**

လွန်ခဲ့သော ၂၄နာရီအတွင်းက ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မကွေးတိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် အများအားဖြင့်သာယာခဲ့ပြီး ကျန်ဒေသများတွင်တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့သည်။ **ညအပူချိန်များမှာ** ရှမ်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိ၊ တနင်္သာရီတိုင်းတွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၅ ဒီဂရီစင်တီဂရိတ်လျော့နည်းခဲ့ပြီး ရခိုင်ပြည်နယ်တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်ပိုခဲ့ကာ ကျန်ဒေသများတွင် ဒီဇင်ဘာလ၏ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ **ထူးခြားသည့် ညအပူချိန်များမှာ** လွိုင်လင်မြို့တွင် ၁ ဒီဂရီစင်တီဂရိတ်၊ နမ့်စန်မြို့နှင့် ဟားခါးမြို့တို့တွင် ၄ ဒီဂရီစင်တီဂရိတ်စီနှင့် ပင်လောင်းမြို့တွင် ၅ ဒီဂရီစင်တီဂရိတ်တို့ ဖြစ်ကြသည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေ။** ။ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် အများအားဖြင့်သာယာနေသည်။

**ဒီဇင်ဘာ ၁၃ရက် ညနေထိ ခန့်မှန်းချက်။** ။ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်း၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် အများအားဖြင့် သာယာမည်။

**မြန်မာ့ပင်လယ်ပြင်တွင်။** ။လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။** ။ မြန်မာနိုင်ငံ အရှေ့မြောက်ပိုင်းဒေသများတွင် ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်သည်။

**နေပြည်တော်**နှင့်အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

**ရန်ကုန်မြို့**နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**မန္တလေးမြို့**နှင့်အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့်သာယာမည်။

**ဒီဇင်ဘာလ တတိယရက်သတ္တပတ်ကုန်ရက်များအတွက် မိုးလေဝသ ခန့်မှန်းချက်။** ။ လာမည့်သီတင်းပတ်ကုန်ရက်များအတွင်း ရန်ကုန်တိုင်းတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး နေပြည်တော်နှင့် မန္တလေးတိုင်းတို့တွင် အများအားဖြင့် သာယာမည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင်ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ**

**အမြင့်ဆုံးအပူချိန်**

| | |
|---|---|
| ၃၂ဒသမ ၇ဒီဂရီစင်တီဂရိတ် (၉၁ဒီဂရီဖာရင်ဟိုက်) | ၁၁-၁၂-၂၀၀၈ |

**အနိမ့်ဆုံးအပူချိန်**

| | |
|---|---|
| ၁၆ဒသမ ၈ဒီဂရီစင်တီဂရိတ် (၆၂ဒီဂရီဖာရင်ဟိုက်) | ၁၂-၁၂-၂၀၀၈ |
| ၉း၃၀နာရီအချိန် စိုထိုင်းဆ ၈၀ရာခိုင်နှုန်း | ၁၂-၁၂-၂၀၀၈ |
| နေပူသည့်နာရီပေါင်း ၇ဒသမ ၁နာရီခန့် | ၁၁-၁၂-၂၀၀၈ |

**မိုးရေချိန်**

| ရက်စွဲ | မင်္ဂလာဒုံ | ကမ္ဘာအေး | ရန်ကုန်မြို့လယ် |
|---|---|---|---|
| ၁၂-၁၂-၂၀၀၈ | မရှိပါ | မရှိပါ | မရှိပါ |
| ၁-၁-၂၀၀၈ မှ | | | |
| ယနေ့အထိ | ၂၈၀၂ မမ | ၃၀၇၂မမ | ၃၅၈၀မမ |
| | (၁၁၀ဒသမ ၃လက်မ) | (၁၂၀ဒသမ ၉၅လက်မ) | (၁၄၀ဒသမ ၉၄လက်မ) |

ရန်ကုန်(ကမ္ဘာအေး)၏ အများဆုံးလေတိုက်နှုန်းမှာ ၁၂-၁၂-၂၀၀၈ ရက် ၈း၃၀နာရီတွင် မြောက်ဘက်မှ တစ်နာရီ လေးမိုင်နှုန်း တိုက်ခတ်သည်။

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၃-၁၂-၂၀၀၈ (စနေနေ့)

| AM & PM | |
|---|---|
| ၇း၀၀ - ၁း၀၀ | MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ် |
| ၇း၀၅ - ၁း၀၅ | "ကိုယ့်ကိစ္စဘာလဲ"တရားတော် [အရှင်ကုမာရ(ပြည်သာယာဆရာတော်)] |
| ၈း၁၀ - ၂း၁၀ | သီးနှံအထွက်တိုးစေရာ သဘာဝမြေဩဇာ |
| ၈း၂၀ - ၂း၂၀ | သီချင်းကောင်းကောင်း သီချင်းတောင်း |
| ၈း၄၅ - ၂း၄၅ | ကလေးများနဲ့ကျန်းမာရေး(ဒေါက်တာခင်စပယ်အေး) |
| ၈း၅၅ - ၂း၅၅ | Tourist Map of Myanmar |
| ၉း၁၅ - ၃း၁၅ | ပြည်တွင်းသတင်းအကျဉ်း |
| ၉း၂၅ - ၃း၂၅ | အေးမိသားစုလီမိတက်၏ ဆောက်လုပ်ရေးနှင့် Pro-1 Taxi meter |
| ၉း၄၀ - ၃း၄၀ | တေးဂီတအစီအစဉ် |
| ၉း၄၅ - ၃း၄၅ | MRTV-4 စာအုပ်စင်ကဏ္ဍ (စာရေးဆရာမောင်စိန်ထွေးနှင့်တွေ့ဆုံခြင်း) |
| ၁၀း၀၅ - ၄း၀၅ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၀း၁၀ - ၄း၁၀ | သင့်မိသားစုနှင့် သင့်ပိုင်ဆိုင်မှုများအတွက် |
| ၁၀း၂၅ - ၄း၂၅ | တေးဂီတအစီအစဉ် |
| ၁၀း၃၀ - ၄း၃၀ | မိုးလေဝသခန့်မှန်းချက် |
| ၁၀း၃၅ - ၄း၃၅ | လေ့လာမြတ်နိုးထိန်းသိမ်းဖို့ရာ မြန်မာ့ရိုးရာအနုပညာ (ပန်းချီပညာဌာနအကြောင်းသိကောင်းစရာများ) |
| ၁၀း၅၅ - ၄း၅၅ | ပြည်တွင်းသတင်းအကျဉ်း |
| ၁၁း၀၅ - ၅း၀၅ | ရေဆေးနည်းပညာသစ်ဆန်း သစ်သားပေါ်လစ်ဆေးအစွမ်း |
| ၁၁း၂၀ - ၅း၂၀ | ရှင်မြူးသီကြွေးကဗျာတေး |
| ၁၁း၂၅ - ၅း၂၅ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၁း၃၀ - ၅း၃၀ | "ရှေးဟောင်းလက်ရာများနှင့် သုဓမ္မာရာမ" (ပိန်းဇလုပ်မြို့မှ သုဓမ္မရာမပရိယတ္တိစာသင်တိုက်) |
| ၁၂း၀၀ - ၆း၀၀ | ယုံကြည်မှုဖြင့်--- Spa My Way |
| ၁၂း၁၅ - ၆း၁၅ | သွားမယ်စားမယ် (Samurai Sushi ဂျပန်စားသောက်ဆိုင်) |
| ၁၂း၃၀ - ၆း၃၀ | တေးဂီတအစီအစဉ် |
| ၁၂း၃၅ - ၆း၃၅ | အရိုးကိုအရွက်မဖုံးစေရာ မြန်မာ့လက်မှုရှေးဆိုင်းပညာ |
| ၁း၀၀ - ၇း၀၀ | MRTV-4 အပိတ် Logo |

**MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။**

### The 7th Myanmar ICT Week 2008 Exhibition

| ညပိုင်း | အစီအစဉ် | ပြသမည့်လိုင်း |
|---|---|---|
| ၈း၀၀ | The 7th Myanmar ICT Week 2008 Exhibition ပြပွဲအစီအစဉ်များ | MRTV-4 |

### English Premier League ဘောလုံးပွဲစဉ်များ

| ညပိုင်း | ပွဲစဉ် | ပြသမည့်လိုင်း |
|---|---|---|
| ၇း၁၀ | Middlesbrough-Arsenal | ESPN (Live) |
| ၉း၂၅ | Man City-Everton | ESPN (Live) |
| | Liverpool-Hull City | STAR SPORTS (Live) |
| ၁၁း၅၅ | Spurs-Man U | STAR SPORTS (Live) |
| | Aston Villa-Bolton | ESPN (SDD) |

### Toyota Cup ဘောလုံးပွဲစဉ်

| နံနက်ပိုင်း | ပွဲစဉ် | ပြသမည့်လိုင်း |
|---|---|---|
| ၁၁း၀၀ | Al Ahly-Pachuca | STAR SPORTS (Live) |

## ဆေးတက္ကသိုလ်(၁)၊(၁၉၈၃-၈၈)ခုနှစ် ဘွဲ့ရကျောင်းသားကျောင်းသူများ၏ ဆရာကန်တော့ပွဲနှင့် မိတ်ဆုံစားပွဲ ကျင်းပမည်

**ရန်ကုန်  ဒီဇင်ဘာ  ၁၂**

ဆေးတက္ကသိုလ်(၁)တွင် ၁၉၈၃မှ ၈၈ခုနှစ်ထိ ပညာသင်ကြားခဲ့သော ကျောင်းသား၊ကျောင်းသူဟောင်းများ၏ ပထမအကြိမ် အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံညစာစားပွဲကို ဒီဇင်ဘာ ၂၈ရက်(တနင်္ဂနွေနေ့)တွင် M-3 FOOD CENTRE ၌ ကျင်းပမည်ဖြစ်သည်။ ထိုနေ့နံနက်ပိုင်းတွင် ဆရာများအား ကန်တော့ကြပြီး ညပိုင်းတွင် မိတ်ဆုံစားပွဲ ကျင်းပမည်ဖြစ်၍ သီးခြားဖိတ်စာပေးပို့ခြင်း မရှိပါသဖြင့် ရပ်ဝေးရပ်နီးမှ ကျောင်းသား၊ ကျောင်းသူဟောင်းများ တက်ရောက်ကြရန်နှင့် အသေးစိတ် အစီအစဉ်များကို ခင်သီတာအောင် ဖုန်း-၀၉-၅၁၆၅၅၁၂၊ ခိုင်ခိုင်ဇော် ဖုန်း-၀၉-၅၀၁၉၄၅၀၊ သန်းသန်းအေး ဖုန်း-၀၉-၅၀၂၂၇၆၆၊ အေးအေးခိုင် ဖုန်း-၀၉-၅၀၀၃၀၇၀၊ အေးအေးပြုံး ဖုန်း-၀၉-၅၀၀၇၀၆၈၊ အောင်ကျော်ထူး ဖုန်း-၀၉-၅၀၀၇၄၃၉၊ မြင့်စိုး ဖုန်း-၀၉-၅၁၁၂၇၀၀၊ ဟံဝင်း ဖုန်း-၀၉-၅၀၁၃၁၈၉၊ အောင်ကြည် ဖုန်း-၀၉-၅၁၇၂၃၈၁၊ အေးမောင် ဖုန်း-၀၉-၈၀၃၂၆၆၇၊ ခင်မောင်လွင် ဖုန်း-၀၉-၈၀၃၀၄၄၅၊ မောင်မောင်လွင် ဖုန်း-၀၉-၅၁၁၃၀၉၇နှင့် အောင်ထွန်း ဖုန်း-၀၉-၅၀၀၂၇၇၅ တို့သို့ ဆက်သွယ်မေးမြန်းကြရန် နှိုးဆော်ထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## ဂုဏ်ပြုပွဲကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၁၂**

အမှတ်(၇) အခြေခံပညာ မူလတန်းကျောင်း တာမွေမှ စတုတ္ထတန်းအောင်မြင်ပြီး ၂၀၀၈ ခုနှစ် မတ်လတွင် ကျင်းပသော တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ခြောက်ဘာသာဂုဏ်ထူးရရှိခဲ့သူများအား ဂုဏ်ပြုလိုပါသဖြင့် ဒီဇင်ဘာ ၁၉ ရက် (သောကြာနေ့) နောက်ဆုံးထား၍ ကျောင်းအုပ်ကြီး အ-မ-က(၇)တာမွေသို့ သတင်းပေးပို့ဆက်သွယ်ကြပါရန် နှိုးဆော်ထားကြောင်း သိရသည်။ (ကြေးမုံ)

## စပါးသီးနှံ အလေအလွင့်မရှိစေရေး နှိုးဆော်ချက်

၁။ စပါးအလေအလွင့်မရှိစေရန် မောင်းညိုချိန်တွင် ရိတ်သိမ်းပါ။
၂။ ရိတ်သိမ်းပြီးကောက်လှိုင်းများကို တလင်းပျောက်စနစ် ကျင့်သုံး၍ ချက်ချင်းခြွေလှေ့ပါ။ ဖြစ်နိုင်ပါက စက်ဖြင့် ရိတ်သိမ်းခြွေလှေ့ပါ။
၃။ ခြွေလှေ့ပြီး စပါးများကို နေလှန်း၍ အမိုးအကာအောက် အမြန်ရောက်ရှိအောင် ဆောင်ရွက်ပါ။
၄။ ရိတ်-ခြွေ-သိမ်းလုပ်ငန်းများကို ဆက်တိုက်မဆောင်ရွက်ပါက တစ် ဧကလျှင် အနည်းဆုံးစပါး သုံးတင်း လေလွင့်ဆုံးရှုံးနိုင်သည်။ တစ်နိုင်ငံလုံးရှိ မိုးစပါးစိုက်ဧက ၁၇သန်းမှ စပါးတင်းသန်းပေါင်း ၅၁သန်း လေလွင့်ဆုံးရှုံးနိုင်သည်။ ၎င်းလေလွင့်စပါးပမာဏသည် လူဦးရေ ၃ ဒသမ ၄ သန်း တစ်နှစ်စာ စားသုံးနိုင်သည်။ ၎င်းအပြင် ထွက်ရှိလာသောဆန်များ ဆန်အရည်အသွေး ညံ့ဖျင်းခြင်း၊ ဆန်အကျိုး အကြေများခြင်းများလည်း ဖြစ်ပေါ်စေပါသည်။
၅။ သို့ပါ၍ ရိတ်-ခြွေ-သိမ်း လုပ်ငန်းစဉ်များအတိုင်း လိုက်နာကြပါရန် ထပ်လောင်းအသိပေး နှိုးဆော်အပ်ပါသည်။

**လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

အားကစား
မြှင့်တင်
စိတ်လန်းရှင်
ဆန့်ကျင်
မူးယစ်ဆေး

## ဓာတုဗေဒ၊ ကုန်ထုတ်ဓာတုဗေဒဘွဲ့ရ ကျောင်းသား၊ ကျောင်းသူများ မြတ်ဆရာကန်တော့ပွဲ ကျင်းပမည်

**ရန်ကုန်  ဒီဇင်ဘာ  ၁၂**

၁၉၇၄-၇၈ ခုနှစ် ရန်ကုန်ဝိဇ္ဇာ နှင့်သိပ္ပံတက္ကသိုလ် ဓာတုဗေဒ၊ ကုန်ထုတ်ဓာတုဗေဒဘွဲ့ရ ကျောင်းသား၊ ကျောင်းသူများ၏ တတိယအကြိမ် မြတ်ဆရာကန်တော့ပွဲနှင့် နှစ်(၃၀)ပြည့် ပုလဲရတုမိတ်ဆုံပွဲကို ဒီဇင်ဘာ ၁၄ ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီတွင် ရန်ကုန်မြို့တက္ကသိုလ်များ ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။

ကျောင်းသား၊ ကျောင်းသူဟောင်းများ မပျက်မကွက် တက်ရောက်ကြရန်နှင့် အလှူငွေများ ပါဝင်လှူဒါန်းလိုသူများသည် ဦးလှသိန်း ဖုန်း-၀၉၅၀၁၃၄၆၉၊ ၂၂၄၄၀၀၊ ဦးကျော်မိုးစိန်ဖုန်း-၀၉၉၉၂၅၆၀၃၊ ၆၅၀၅၇၉၊ ဦးလှမောင်ရွှေ ဖုန်း-၀၉၅၁၄၇၉၇၄၊ ၅၀၂၆၈၁၊ ဦးထွန်းထွန်း ဖုန်း-၀၉၈၀၂၁၃၄၀၊ ၂၉၃၃၆၆၊ ဦးအောင်သူမြိုင် ဖုန်း-၀၉၈၀၂၀၂၉၉၊ ဒေါ်နွေနွေအောင် ဖုန်း-၀၉၅၁၁၃၂၄၃၊ ၂၂၅၅၀၂၊ ဒေါ်တင်တင်ဝင်း ဖုန်း-၀၉၉၉၂၃၂၄၇၊ ၂၅၆၉၈၉၊ ဒေါ်မေအေးမြင့် ဖုန်း-၆၆၀၂၆၈၊ ၆၆၃၆၇၃ နှင့် ဒေါ်သန်းသန်းနွယ် ဖုန်း-၀၉၅၁၂၄၁၆၀၊ ၆၆၀၅၉၂ တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ

## စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၅၁) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြ အခမ်းအနားသို့ တက်ရောက်၍ မိန့်ခွန်းပြောကြား



နေပြည်တော် ဒီဇင်ဘာ ၁၂

**စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၅၁) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြ အခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် ပြင်ဦးလွင်စစ်တက္ကသိုလ် စစ်ရေးပြကွင်း၌ ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တက်ရောက်၍ မိန့်ခွန်းပြောကြားသည်။**

**တက်ရောက်**

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရ ရွှေမန်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)၊ စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး တင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ညဏ်ထွန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီး မြတ်ဟိန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အုန်းမြင့်၊ ဗိုလ်ချုပ် မင်းအောင်လှိုင်၊ ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး သူရမြင့်အောင်၊ တပ်မတော်စစ်ဆေးရေး **စာမျက်နှာ ၈ ကော်လံ ၁ သို့** ❁



**ကျောင်းဆင်း ဗိုလ်လောင်းတပ်ရင်း ချီတက်အလေးပြု**

**တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေအား ကျောင်းဆင်း ဗိုလ်လောင်းတပ်ရင်း ချီတက်အလေးပြုစဉ်။**

(သတင်းစဉ်)

**နိုင်ငံရေး ဦးတည်ချက် (၄)ရပ်**

- ❁ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ❁ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ❁ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ❁ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေးဦးတည်ချက် (၄)ရပ်**

- ❁ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ❁ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ❁ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ❁ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေး ဦးတည်ချက် (၄)ရပ်**

- ❁ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ❁ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ❁ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ❁ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး


**ယ နေ့ ကြေးမုံ သ တ င်း ဆော င်း ပါး အ ညွှ န်း**

- ● အသက်ကယ်ရေး သန့်စင်သွေး မနေးလှူကြ မြတ်ဒါန (ဆောင်းပါး) စာမျက်နှာ ၆
- ● မြန်မာမြားပစ်အဖွဲ့ ရွှေ၊ ငွေ ထပ်မံဆွတ်ခူး (အားကစားသတင်း) စာမျက်နှာ ၇
- ● အမျိုးသားကန်တော်ကြီးဥယျာဉ်(ပြင်ဦးလွင်)စည်ကား (သတင်း) စာမျက်နှာ ၈